# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု**

ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံးအနာရောဂါ မည်၏။ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံး ဆင်းရဲ မည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံးချမ်းသာတည်း။ ပညာရှိသည် ဤသို့ဟုတ်တိုင်းမှန်စွာသိ၍ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု၏။

သုခဝဂ်(ဓမ္မပဒ-၂၀၃)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၃၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်

## ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေး အားပေးဆောင်ရွက်သွားရမည်ဖြစ်

## ပြည်သူများအားလုံးအနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုသွားရာတွင် ပညာတတ်များဖြစ်ရန်လို

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ်စရာ**


လတ်တလော ဗဟုအသွင်ပြောင်း ကမ္ဘာ့အခင်းအကျင်းကို လေ့လာကြည့်သော် . . . ဆောင်းပါး စာ ၆

အာဆီယံကျေးရွာကွန်ရက် (ASEAN Village Network) မှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်သို့ ဆောင်းပါး စာ ၁၀

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဆိုင်ကလုန်းမုန်တိုင်းမိုခါ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ လှည့်လည်ကြည့်ရှု ပြည်တွင်းသတင်း စာ ၈

မြန်မာ့အလင်း

# အခွင့်အလမ်းများ ဖန်တီး ဖိဖိစီးစီး အလုပ်လုပ်

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူအင်အားအရင်းအမြစ်ကို အသုံးချရာတွင် လူများအား အတတ်ပညာ၊ နည်းပညာကျွမ်းကျင်မှု ပြည့်ဝအောင် လေ့ကျင့်သင်ကြားပေးရုံမျှဖြင့် မလုံလောက်သေးဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်စွမ်းဆောင်လိုသည့် တက်ကြွသော အင်အား (Dynamic Force) များ ဖြစ်လာစေရန်လည်း ပြုလုပ်ပေးရန်လိုသည်ဟု ပညာရှင်များက ဆိုသည်။ လူတို့၏ စွမ်းဆောင်လိုစိတ်ဟူသည် မွေးရာပါ ဗီဇစိတ်လက္ခဏာအဖြစ်ရှိခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင်အခြေအနေများဖြစ်သည့် သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် ပျိုးထောင်မှုဆိုင်ရာ၊ ရုပ်ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေတို့ကို အကြောင်းပြု၍ ဖွံ့စည်းဖြစ်ပေါ်လာသော စိတ်ဓာတ်အရည်အချင်းတစ်ခုဖြစ်သည်ဟုလည်း ဆိုသည်။

အရှေ့တောင်အာရှဒေသ (ပင်မကုန်းမြေပိုင်းတွင်) အကြီးဆုံးသော နိုင်ငံကို ထူထောင်နိုင်ခဲ့သူများ၊ အရှေ့တောင်အာရှတွင် အစောဆုံးသော မြို့ပြများကို တည်ထောင်နိုင်ခဲ့သူများဖြစ်ကြသည့် မိမိတို့လူမျိုးများ၏ အရည်အသွေးမှာ ဗီဇအားဖြင့် နိမ့်ကျသူများမဟုတ်သည်မှာ လွန်စွာမှပင် သေချာလှသည်။ သို့ရာတွင် မိမိတို့ရှင်သန်ဖြတ်သန်းနေကြသည့် ခေတ်ပြိုင်ကာလအတွင်း အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပါက ကဏ္ဍတိုင်းလိုလို၌ ရှုံးနိမ့်နောက်ကျနေရသည်မှာ မျက်နှာငယ်စရာဖြစ်သည့်အလျောက် အားနည်းချက်များကို ပြုပြင်၊ လိုအပ်ချက်များကို ဖြည့်ဆည်း၍ နိုင်ငံနှင့်လူမျိုးတို့၏ အဆင့်အတန်းကို ကြိုးပမ်းအားထုတ် အမှန်တကယ်အလုပ်လုပ်ခြင်းဖြင့် မြှင့်တင်ကြရမည်ဖြစ်သည်။

"အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံအနေဖြင့် ထုတ်ကုန်ပစ္စည်းများ၊ တစ်ကေအထွက်နှုန်းများ၊ သီးထပ်စွမ်းအားများ အားနည်းနေသည်ကို တွေ့ရှိရပြီး လုပ်ငန်းများ အောင်မြင်မှုရရှိရန် ဖိဖိစီးစီးလုပ်ဆောင်လိုစိတ် အားနည်းခြင်း၊ လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းဖန်တီးပေးနိုင်မှု အားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ အခွင့်အလမ်းဖန်တီးပေးနိုင်မှု အားနည်းခြင်းတွင် နှစ်ပိုင်းရှိပြီး လိုအပ်သည့် သွင်းအားစုများ ပြည့်စုံစွာ ရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မှု အားနည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်သူများကို အားပေးချီးမြှင့်မှု (Incentive) များ လုပ်ဆောင်ပေးရန် အားနည်းခြင်းတို့ပင်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၁၂) အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့ပြီး "လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိစေရေး ဖိဖိစီးစီးဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းများ ဖော်ဆောင်ဖန်တီးပေးရန်နှင့် အားပေးချီးမြှင့်မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်သွင်းအားစုများ ပြည့်စုံစွာရရှိရေးနှင့် အားပေးချီးမြှင့်မှု (Incentive) များ ဖော်ဆောင်ပေးနိုင်ရေး အစိုးရမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း" မှာကြားခဲ့သည်။

ပြည်တွင်းကုန်ထုတ်စွမ်းအားစုတွင် လယ်သမားများ၊ အလုပ်သမားများ၊ လုပ်ငန်းရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ ပါဝင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုလုပ်ငန်းများမှ ကုန်ကြမ်းများ၊ တစ်ပိုင်းကုန်ကြမ်းများနှင့် ကုန်ချောများ ထုတ်လုပ်နေခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းများတွင် ပါဝင်နေသည့် လူအင်အားအရင်းအမြစ်သည် တစ်ခါတွန်းမှ တစ်ပတ်လိမ့်သည့် စိတ်ဓာတ်ခွန်အားနည်းနေသမျှ နိမ့်ကျနေသည့်အခြေအနေမှ ရုန်းထနိုင်မည်မဟုတ်ဘဲ မိမိတို့လုပ်ရမည့်အလုပ်ကို ကာယ၊ ဉာဏအစွမ်းအစများ စိုက်ထုတ်ကာ လုံ့လဥဿဟ၊ ဇွဲနပဲဖြင့် စွဲစွဲမြဲမြဲ၊ စိုက်လိုက်မတ်တတ် ဆောင်ရွက်လုပ်ကိုင်ကြမှသာ မြင့်မားသည့် အခြေအနေများဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းသွားနိုင်မည်ဖြစ်သည်။

ရာစုသစ်တွင် ကမ္ဘာ၏အချက်အချာသည် အာရှသို့ ရွှေ့ပြောင်းလျက်ရှိပြီး အရှိန်အဟုန်မြင့်မားသည့် ဖွံ့ဖြိုးတိုးတက်မှုများဖြင့် အာရှနိုင်ငံများ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြရာ အဓိကအားဖြင့် အလုပ်လုပ်ကြခြင်းကြောင့် ဖြစ်သည်။ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် အခွင့်အလမ်းများရရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့်အတူ အောင်မြင်ရမည်ဟူသော စိတ်ဓာတ်ဖြင့် အားလုံးက ဖိဖိစီးစီးအလုပ်လုပ်ကိုင်ကြခြင်းဖြင့် ကုန်ထုတ်စွမ်းအား မြင့်သည်ထက်မြင့်မားကာ နိုင်ငံတကာတွင် ရင်ပေါင်တန်းနိုင်ပါစေကြောင်း။ ။

## တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၇၉/၂၀၁၃
၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အား ယှဉ်တွဲပါ အတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၃၇၅၈ **အစား** ကြည်း ၂၇၃၅၁
ဗိုလ်မှူးကြီး အောင်ကြည်လင်း ဗိုလ်မှူးကြီး ကျော်သူရ

(၂) **ကယားပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၂၀၀၀ **အစား** ကြည်း ၂၆၈၆၃
ဗိုလ်မှူးကြီး မြင့်ဝေ ဗိုလ်မှူးကြီး သန်းစိုးအောင်

(၃) **ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၂၆၁၇ **အစား** ကြည်း ၂၇၂၃၈
ဗိုလ်မှူးကြီး မျိုးမင်းနောင် ဗိုလ်မှူးကြီး မင်းသူကျော်

(၄) **ချင်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၅၉၉၅ **အစား** ကြည်း ၂၉၂၁၆
ဗိုလ်မှူးကြီး ဟန်ဝင်းအောင် ဗိုလ်မှူးကြီး သိန်းထွန်းအောင်

(၅) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ကြည်း ၂၆၁၀၉ **အစား** ကြည်း ၃၂၁၃၂
ဗိုလ်မှူးကြီး ကျော်ကျော်မင်း ဗိုလ်မှူးကြီး နေလင်းစိုး

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ခန္တီးခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ

**မုံရွာ စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃၁ ရက်က ခန္တီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ခန္တီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ခရိုင်၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်နေမှုများ၊ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ခန္တီးခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရိုင်အဆင့်ဌာနဆိုင်ရာများအတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက လုံခြုံရေးတာဝန်ထမ်းဆောင် နေသူများအတွက် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက မြို့နယ်အဆင့် ဌာနဆိုင်ရာများအတွက် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဝန်ထမ်းများအတွက် ဟင်းသီးဟင်းရွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန္တီးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာ အထက်တန်း ကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကာ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန္တီးမြို့ မြို့မရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) သို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ကျောင်း၏ လိုအပ်ချက်များအား တင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကျောင်းအုပ်ဆရာကြီးထံ ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



- ❑ မိမိတို့တာဝန်ယူဆောင်ရွက်နေချိန်အတွင်း နိုင်ငံတော်ကိုပုံမှန်လမ်းကြောင်းအတိုင်း ဖြစ်စေရန်နှင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ ပြုလုပ်၍ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန်ကို ပြန်လည်လွှဲပြောင်းပေးနိုင်ရန်မှာ မိမိတို့၏ အဓိကတာဝန်ပင်ဖြစ်၊ ယခုအခါ အရေးပေါ်အခြေအနေကာလမှာ ၂ နှစ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်၊ မိမိတို့အနေနှင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေဖြင့် တာဝန်ယူဆောင်ရွက်နေရသည်ဖြစ်သော်လည်း အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများအားလုံး တိုးတက်အောင် ဆောင်ရွက်နေရမည်ဖြစ်
- ❑ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုဆောင်ရွက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ အတတ်ပညာများရှိရန်လို၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ် တိုက်တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်၊ ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန်လို

◆ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တိုင်းရင်းသား ပြည်သူများအားလုံး ပညာတတ်များဖြစ်ရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ၆ လ သက်တမ်းတိုးပြီးချိန်တွင် အသစ်ထပ်မံဖွဲ့စည်းသည့် ကောင်စီဝင်များဖြင့် ဒုတိယအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေချိန်အတွင်း နိုင်ငံတော်ကို ပုံမှန်လမ်းကြောင်းအတိုင်း ဖြစ်စေရန်နှင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပြုလုပ်၍ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန်ကို ပြန်လည်လွှဲပြောင်းပေးနိုင်ရန်မှာ မိမိတို့၏အဓိကတာဝန်ပင်ဖြစ်ကြောင်း၊ ယခုအခါ အရေးပေါ်အခြေအနေကာလမှာ ၂ နှစ်ကျော်ကာလသို့ရောက်ရှိလာပြီဖြစ်ကြောင်း၊ မိမိတို့အနေနှင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေဖြင့် တာဝန်ယူဆောင်ရွက်နေရသည်ဖြစ်သော်လည်း အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများ အားလုံးတိုးတက်အောင် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းမှ ရပ်တန့်နေ၍မရကြောင်း၊ ရပ်တန့်နေပါက ရပ်တန့်နေသည့် နယ်ပယ်၊ ရပ်တန့်နေသည့် ဒေသသည် ကျန်ခဲ့မည်ဖြစ်ကြောင်း။

မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စု တည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အသစ်ထပ်မံချမှတ်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၏ ပထမအချက်တွင် **“လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်”** ဟု ချမှတ်ထားကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်အုပ်ချုပ်ရေးတို့နှင့်ပတ်သက်၍ ခွဲခြား၍ရကြောင်း၊ ဖက်ဒရယ်စနစ်ကို လူမျိုးအား အခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့်စနစ်ကို အဓိကထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ အတတ်ပညာများရှိရန်လို**ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ် တိုက်တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန်လို**ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကျေးလက်ဒေသများတွင် အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၃၈၇၉ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၂၁၅၅၀ ကျောင်းရှိသည်ကိုတွေ့ရှိရပြီး မြို့ပေါ်တွင် အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၆၂၆ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၃၃၁၈ ကျောင်းရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါအချက်အလက်များအရ အလယ်တန်းကျောင်းများ၏ ကျေးလက်နှင့် မြို့ပြအချိုးမှာ ၈ အချိုး ၁ ရှိပြီး မူလတန်းကျောင်းများ၏ အချိုးမှာ ၆ ဒသမ ၅ အချိုး ၁ ရှိသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ ပျမ်းမျှမြို့ပေါ်နေလူဦးရေမှာ ၂၈ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်နေလူဦးရေမှာ ၇၂ ရာခိုင်နှုန်းခန့်ရှိသဖြင့် ကျေးလက်နေပြည်သူမှာ များပြားကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ သို့သော် ကျေးလက်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ နည်းပါးပြီး မြို့ပေါ်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ ပိုမိုများပြားသည်ကို တွေ့ရကြောင်း၊ အဓိကအားဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ကျောင်းရှိသော်လည်း ကျောင်းနေရာခိုင်နှုန်းနည်းပါးခြင်းနှင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားမှုများ နည်းပါးသည်ကို တွေ့ရကြောင်း၊ **တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲများ၊ ပညာရေးအားပေးမှုနည်းပါးခြင်းနှင့် အခြားအခက်အခဲအမျိုးမျိုးကြောင့် အထူးသဖြင့် ပြည်နယ်များရှိ ကျေးလက်ဒေသများတွင် ပညာရေးအားနည်းသည်ကို တွေ့ရ**ကြောင်း၊ ထို့ကြောင့် **မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးမြှင့်တင်မှုကို မလွဲမသွေဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေး အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခင်က မိမိတို့နိုင်ငံတွင် “အ” သုံးလုံးသင်တန်းများကို သင်ကြားပေးခဲ့ရာ အောင်မြင်မှုများရှိခဲ့ပြီး ကမ္ဘာပေါ်တွင် စံပြပုံစံတစ်ခုအနေဖြင့် အသိအမှတ်ပြုခံရမှုများ ရရှိခဲ့ကြောင်း၊ “အ” သုံးလုံးသင်တန်းများမှတစ်ဆင့် စာပေဖတ်ရှုမှုကို စိတ်ဝင်စားလာပြီး ၎င်းကိုအခြေခံ၍ ပညာတတ်မြောက်လိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ကျောင်းပြင်ပ ပညာရေးဖြင့် မူလတန်းပညာ KG+5 အထိ သင်ကြားပေးနိုင်ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၄ ခုနှစ်တွင် လက်တွေ့ဆောင်ရွက်အောင်မြင်ခဲ့သည့် သာဓကရှိကြောင်း၊ ၎င်းမှတစ်ဆင့် KG + 9 ကို သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့၏ ပညာရည်မြင့်မားရေးမျှော်မှန်းချက်တွင် အဆိုပါအချက်ကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း။

စည်းကမ်းသတ်မှတ်ချက်များမှတစ်ဆင့် ဥပဒေများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံရှိ ပြည်သူများအားလုံးအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို သွားရာတွင် ပညာတတ်များဖြစ်ရန်လို**ကြောင်း၊ **ဥပဒေနှင့် ပတ်သက်သည့် အသိပညာများကိုလည်း နားလည်မှုရှိရန်လို**ကြောင်း၊ ထို့ကြောင့် **အဆင့်မြင့်ပညာသင်ကြားပေးသည့် တက္ကသိုလ်များတွင် ဥပဒေဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးနေခြင်းဖြစ်**ကြောင်း၊ ဥပဒေအခြေခံကို လက်တွေ့ကျကျသိရှိနိုင်ရေး BA(Law) ဘွဲ့ပေးရန် စီစဉ်ထားပြီး ဥပဒေကို အသက်မွေးဝမ်းကျောင်းပညာအဖြစ် အသုံးပြုမည့်သူများအတွက် LLB ဘွဲ့ကိုမူ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ အနည်းဆုံး တက္ကသိုလ်တစ်ခုစီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအခြေခံပညာရပ်များကို နားလည်သိရှိသူများ များပြားလာမည်ဆိုပါက နိုင်ငံရေးနှင့်ပတ်သက်၍ အကျိုးပြုမှုများ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။

**နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်နှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိ**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေး GDP ကို တွက်ချက်ရာတွင် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ သုံးမျိုးရှိကြောင်း၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းသည် ကုန်ထုတ်လုပ်မှုများမှ အခြေခံ၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်းများ လိုအပ်ကြောင်း၊ အခြေခံကုန်ကြမ်းများရှိမှသာ အခြားလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များကို စက်မှုထုတ်ကုန်အဖြစ် အဆင့်မြှင့်ထုတ်လုပ်ခြင်းဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များသည် မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် သေချာသည့် ကုန်ကြမ်းများဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ မူလရှိပြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်၍ ခိုင်မာသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပညာရပ်များအလိုက် ပညာရှင်များ၊ နားလည်တတ်ကျွမ်းသူများလိုအပ်ကြောင်း၊ **မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်၌ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ နည်းပါးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်မည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ အသစ်ထပ်မံချမှတ်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်၏ လူမှုရေးဦးတည်ချက် ပထမအချက်တွင် “**တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး**” ဟု ချမှတ်ထားကြောင်း၊ ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုသည့် ပညာရှင်များပေါ် ထွန်းလာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူလတန်းပညာ၊ အလယ်တန်းပညာများ ပြီးမြောက်ပြီးသူများကို အထက်တန်းပညာတက်ရောက်ချိန်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ပတ်သက်သည့် ကျွမ်းကျင်သူများဖြစ်အောင် သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဘာသာရပ်အလိုက် ထူးချွန်သူများအနေဖြင့် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ တတ်ကျွမ်းရန် လိုအပ်သည့်အတွက် တက္ကသိုလ်များ၌ စီးပွားရေးပညာကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌လည်း စီးပွားရေးအသိပညာအခြေခံကို တတ်သိနားလည်မည့်သူများနှင့် ကျွမ်းကျင်ပညာရှင်များ ထွက်ပေါ်လာရေး နှစ်ပိုင်းခွဲဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးအမြင်ရှိပြီး အခြေခံသဘောတရားကို နားလည်သည့် လူသားအရင်းအမြစ်များ များစွာရှိလာမည်ဖြစ်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။ *စာမျက်နှာ ၄ သို့*

- ❍ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များသည် မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် သေချာသည့် ကုန်ကြမ်းများဖြစ်၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ မူလရှိပြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်၍ ခိုင်မာသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပညာရပ်များအလိုက် ပညာရှင်များ၊ နားလည်တတ်ကျွမ်းသူများ လိုအပ်**

*စာမျက်နှာ ၃ မှ*

## အရည်အသွေးမြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အထောက်အကူပြုသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး

**တိုင်းပြည်စီးပွားရေးကို မြှင့်တင်ရာတွင် လူသားအရင်းအမြစ်ကောင်းများ များစွာမွေးထုတ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်လို**ကြောင်း၊ ၂၀၁၉ – ၂၀၂၀ ခုနှစ်တွင် မိမိတို့နိုင်ငံ၏ GDP မှာ ၇၈ ဒသမ ၉ ဘီလီယံရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများထက် များစွာလျော့နည်းလျက်ရှိကြောင်း၊ တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ များပြားခြင်းကြောင့် GDP များရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံအနေဖြင့် ထုတ်ကုန်ပစ္စည်းများ၊ တစ်ဧကအထွက်နှုန်းများ၊ သီးထပ်စွမ်းအားများ အားနည်းနေသည်ကို တွေ့ရှိရပြီး လုပ်ငန်းများ အောင်မြင်မှုရရှိရန် ဖိဖိစီးစီးလုပ်ဆောင်လိုစိတ်အားနည်းခြင်း၊ လုပ်ငန်းများလုပ်ဆောင်နိုင်ရန် အခွင့်အလမ်းဖန်တီးပေးနိုင်မှုအားနည်းခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ အခွင့်အလမ်းဖန်တီးပေးနိုင်မှုအားနည်းခြင်းတွင် နှစ်ပိုင်းရှိပြီး လိုအပ်သည့် သွင်းအားစုများ ပြည့်စုံစွာရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မှု အားနည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်သူများကို အားပေးချီးမြှင့်မှု (Incentive) များ လုပ်ဆောင်ပေးရန် အားနည်းခြင်းတို့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိစေရေး ဖိဖိစီးစီးဆောင်ရွက်ရန်နှင့် ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းများ ဖော်ဆောင်ဖန်တီးပေးရန်နှင့် အားပေးချီးမြှင့်မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် သွင်းအားစုများ ပြည့်စုံစွာရရှိရေးနှင့် အားပေးချီးမြှင့်မှု (Incentive) များ ဖော်ဆောင်ပေးနိုင်ရေး အစိုးရမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီးပွားရေးအားကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုသည့် ပညာရှင်များ ပေါ်ထွက်လာရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၎င်းပညာရှင်များ မွေးထုတ်ပေးနိုင်ရေး လူတိုင်းလက်လှမ်းမီသည့် ပညာရေးဖြစ်ရန် လိုအပ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ဘာသာရပ်များကို သင်ကြားပေးမည့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ ယင်းတို့ကို ပြည့်စုံအောင် ဆောင်ရွက်ပေးမည်ဆိုပါက နောင်အနာဂတ်တွင် ပညာရေးနှင့် စီးပွားရေးအားကောင်းမွန်လာမည်ဖြစ်ကြောင်း။

ပြည်ပပို့ကုန်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံမှ ပို့ကုန်များသည် ဈေးကောင်းရရှိမှု မရှိသည်ကို တွေ့ရှိရပြီး ကုန်ထုတ်လုပ်မှုနည်းပညာ အားနည်းမှုများကြောင့်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများ ဖြစ်မှသာလျှင် ဈေးကောင်းရရှိနိုင်မည်ဖြစ်သဖြင့် အဆင့်မြင့်ကုန်ထုတ်လုပ်မှုနည်းပညာများ ဖြစ်ရန်လိုကြောင်း၊ ထို့ပြင် ဝယ်လိုအားကို ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက်လည်း မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

## လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်းအခြေခံအချက်အလက်များ မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်လည်ပြုစုရမည်ဖြစ်ကြောင်း၊ အခြေခံအချက်အလက်များ မှန်ကန်မှသာလျှင် မဲစာရင်းမှန်ကန်မှုရှိမည်ဖြစ်ကြောင်း၊ ယခင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ်၌ မိမိတို့နိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် ၀ ဒသမ ၈ ရာခိုင်နှုန်းသာရှိပြီး ယင်းကို အခြေခံ၍ တွက်ချက်ကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်သည့် မဲဆန္ဒရှင်စာရင်းကို တွက်ချက်၍ ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ လွဲမှားမှုများစွာဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမှု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သန်းခေါင်စာရင်း ကောက်ယူပြီးမှသာလျှင် လူဦးရေစာရင်း ထွက်လာမည်ဖြစ်ပြီး မဲစာရင်းကို ပြုစုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မဲစာရင်းကောက်ယူမှု မပြုနိုင်သေးသည့် မြို့နယ်အချို့ရှိကြောင်း၊ မဲစာရင်းကောက်ယူသည့် တာဝန်ရှိသူများကို အနှောင့်အယှက်ပေးနေမှုများကြောင့် ကောက်ယူမှုမပြုနိုင်သေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် **မဲစာရင်းများ အပြည့်အဝကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲစာရင်းများ အပြည့်အဝကောက်ယူနိုင်မှသာလျှင် မှန်ကန်သည့် မဲစာရင်းများရရှိမည်ဖြစ်ကာ ရွေးကောက်ပွဲကိုလည်း မှန်မှန်ကန်ကန်ဖြင့် ပြုလုပ်နိုင်မည်ဖြစ်**ကြောင်း၊ ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်ဖြစ်အောင် ဆောင်ရွက်၍ရသည်ဖြစ်သော်လည်း မိမိတို့ပြုလုပ်သည့် ရွေးကောက်ပွဲသည် စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ပတ်သက်၍ အားနည်းချက်များရှိနေဆဲဖြစ်ပြီး အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဒီမိုကရေစီကိုတောင်းဆိုသည်မှာ မဖြစ်သင့်သည့်ကိစ္စဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် သက်ဆိုင်ရာဒေသများသို့ ရောက်ရှိပါက လူဦးရေစာရင်းကောက်ယူမှုများ ဆောလျင်စွာ ပြုစုပြီးစီးနိုင်ရေးအတွက်ကိုလည်း တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ပညာရေးမြှင့်တင်မှုကဏ္ဍ၊ စီးပွားရေးမြှင့်တင်မှုကဏ္ဍနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကောင်စီဝင်များက ကယားပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်သည့်ကိစ္စရပ်များ၊ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ကူညီပေးရေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ အခြေခံပညာကျောင်းများတွင် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းများအတိုင်း အပြည့်အဝ သင်ကြားပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပံ့ပိုးမှုများနှင့် စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးရေး၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ကြုံတွေ့ရနိုင်သည့် မဲစာရင်းဆိုင်ရာ မှားယွင်းမှုများနှင့် မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဥပဒေပြဋ္ဌာန်း၍ ကြပ်မတ်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဒေသအလိုက် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူလူထု၏ အင်အားကို ရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ယင်းစုစည်းအားကို အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ရေး စည်းရုံးဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းသည့်နယ်မြေနှင့် တည်ငြိမ်အေးချမ်းမှုမရှိသည့်နယ်မြေတို့ နှိုင်းယှဉ်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ များစွာကွာဟသွားသည်ကို တွေ့ရကြောင်း၊ **နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေး တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်မှုများရှိနေသည့် နယ်မြေများတွင် ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်၍ မရသည်ကို တွေ့ရ**ကြောင်း၊ **နောက်ကျကျန်ခဲ့ခြင်းအကျိုးဆက်ကို နယ်မြေခံလူထုက ခံစားနေရ**ကြောင်း၊ **လူတစ်စု၏မိုက်မဲမှုကို ဒေသခံလူအများက ခံနေရ**ကြောင်း၊ **ပြည်သူလူထုအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုးကိုကြည့်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ပူးပေါင်းဆောင်ရွက်ကြရန်လို**ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့်လည်း အဆင့်ဆင့် ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ဒေသအလိုက်ရှိ တိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုပြီး ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ၎င်းတို့၏ ယုံကြည်ချက်၊ ခံယူချက် မြင့်မားလာအောင် ဆောင်ရွက်ပေးသွားကြရန်လိုအပ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အပေါ်တွင် စိတ်ကောင်းစေတနာကောင်းထားရန်လိုကြောင်း၊ နိုင်ငံရေးမျှော်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း။

လာမည့် အောက်တိုဘာ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် ၈ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ **NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများမှ သံတမန်များ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြ**ကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင် စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိ တည်ရှိနေမည့် စာချုပ်ဖြစ်ကြောင်း၊ အစိုးရဘက်မှ မိမိကိုယ်တိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တစ်ခု၏ တာဝန်ရှိသူတစ်ဦးက NCA နှင့်ပတ်သက်၍ အထောက်အထားမဲ့၊ အဓိပ္ပာယ်မဲ့စွာ လက်လွတ်စပယ် ပြောကြားခဲ့သည်ကို တွေ့ရကြောင်း၊ **တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ NCA စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **လာမည့် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် (၈) နှစ်မြောက် NCA နှစ်ပတ်လည်နေ့ကိုလည်း လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ၊ အလေးအနက်ထား၍ စီစဉ်ကျင်းပသွားမည်ဖြစ်**ကြောင်း။

ဌာနဆိုင်ရာ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများနှင့် စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးပွဲများကျင်းပ၍ နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း။

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး စနစ်တကျ မှန်မှန်ကန်ကန် မဲပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း လုံခြုံစိတ်ချရသည့် အီလက်ထရောနစ် မဲပေးစနစ်ဖြင့် စနစ်တကျမဲပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ စနစ်တကျရှိစေရေးအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

❖ **မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်၊ ထို့ကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်၊ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်းအခြေခံအချက်အလက်များ မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်လည်ပြုစုရမည်၊ အခြေခံအချက်အလက်များ မှန်ကန်မှသာလျှင် မဲစာရင်း မှန်ကန်မှုရှိမည်ဖြစ်**

❖ **တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ NCA စာချုပ် အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်၊ လာမည့် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် (၈) နှစ်မြောက် NCA နှစ်ပတ်လည်နေ့ကိုလည်း လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ၊ အလေးအနက်ထား၍ စီစဉ်ကျင်းပသွားမည်ဖြစ်**

*စာမျက်နှာ ၄ မှ*

**လူငယ်များ ပညာရေးကောင်းမှ နိုင်ငံ၏ အနာဂတ်ကောင်းမွန်မည်ဖြစ်**

လယ်ယာကဏ္ဍတွင် လယ်ယာလုပ်သား ရှားပါးမှုအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပညာရေးကဏ္ဍတွင်လည်း လက်ရှိအကောင်အထည်ဖော်နေသည့် Kg + 9 မှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ သိပ္ပံအဆင့်သို့ တက်လှမ်းပြီး ထိုမှတစ်ဆင့် လက်တွေ့အသုံးချသိပ္ပံပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရေးအတွက် Poly technic institute ထူထောင်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ နိုင်ငံ၏ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ၊ ပညာရှင်များမွေးထုတ်နိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လူငယ်များပညာရေးကောင်းမှ နိုင်ငံ၏အနာဂတ်ကောင်းမွန်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကောင်းမွန်စေရေးအတွက် မျှော်မှန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့် အမြင်ကျယ်ကျယ်ထား၍ နိုင်ငံတော်တစ်ဝန်းလုံးအတွက် လွှမ်းခြုံစဉ်းစားဆောင်ရွက်ရန်နှင့် နယ်ပယ်အားလုံးအတွက် ကိုယ်စားပြု၍ ကြိုးစားလုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် (၅)ကြိမ်မြောက် တရုတ်နိုင်ငံ၏အရည်အသွေးပိုင်းဆိုင်ရာ ညီလာခံသို့တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁**

(၅) ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံ (The Fifth China Quality Confer–ence) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပလျက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Chengdu Century City New International Convention Center ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးပြန်လည်ကောင်းမွန်အောင်ဆောင်ရွက်ရာတွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုပုံစံနှင့် စွမ်းဆောင်ရည်အာမခံချက်များတွင် အရည်အသွေးပိုင်းဆိုင်ရာသဘောတရားများကိုလည်း လျစ်လျူရှုထား၍မရနိုင်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် (၁၄) ကြိမ်မြောက် (၅) နှစ်စီမံကိန်း (၂၀၂၁–၂၀၂၅) တွင် ပတ်ဝန်းကျင်နှင့် ဆီလျော်သည့် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ်သို့ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၁၄) ကြိမ်မြောက် အမျိုးသားညီလာခံအစည်းအဝေး၌ သမ္မတ ရှီကျင့်ဖျင်က အရည်အသွေးမြင့်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးနှင့် အရည်အသွေးမြင့်သည့်ထုတ်ကုန်များကို ပိုမိုအဆင့်မြှင့်တင်ရန် အလေးပေးပြောကြားခဲ့ကြောင်း။

ယခုကျင်းပသည့် (၅)ကြိမ်မြောက် အရည်အသွေးပိုင်းဆိုင်ရာ ညီလာခံတွင်လည်း မိမိတို့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် သတင်းအချက်အလက်များဖလှယ်ရန် အခွင့်အလမ်းများရမည်မှာ အသေအချာဖြစ်ပါကြောင်း၊ အရည်အသွေးဆိုင်ရာစီမံခန့်ခွဲမှုကို ပိုမိုအားကောင်းလာစေရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝ၍ ထိရောက်မှုရှိစေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုသည်လည်း အဓိကကျသည့်အရာတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် ဘဏ္ဍာရေးဆိုင်ရာဒစ်ဂျစ်တယ်စနစ်၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်ဘဏ္ဍာရေးနှင့် အရည်အသွေးမြင့်မားသည့်ဖွံ့ဖြိုးမှုကဏ္ဍများတွင် သိသာစွာတိုးတက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ဘဏ္ဍာရေးဆိုင်ရာ ဒစ်ဂျစ်တယ်စနစ်ကို အရှိန်မြှင့်တင်ခြင်းနှင့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် လျှပ်စစ်ကားနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းတွင် အခွန်အခများ လျှော့ချခြင်းပါဝင်သည့် သက်သာခွင့်ပေးမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာလတိုမူဝါဒအနေဖြင့် ၂၀၂၅ ခုနှစ်အထိ ပြည်ပမှ လျှပ်စစ်ကားတင်သွင်းမှုကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပိုမိုလေးနက်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်လာနိုင်ရန် မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အရည်အသွေးပြည့်ဝသည့် ကုန်ပစ္စည်းများနှင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အဦများ၏အရေးပါမှုကို လက်ခံအသိမှတ်ပြုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် လက်ရှိတွင် ပြည်ပတွင်ထုတ်လုပ်သည့်ကုန်ပစ္စည်းများ မှတ်ပုံတင်ခြင်းအား ထိန်းချုပ်စစ်ဆေးရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကောက်ခွန်နှင့် ပို့ကုန်သွင်းကုန် အထွေထွေစီမံခန့်ခွဲမှုအဖွဲ့ (General Administration of Customs China – GACC) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ GACC မှလည်း တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်နိုင်မည့် နည်းလမ်းများ လွယ်ကူချောမွေ့စေရေးကို ကူညီပံ့ပိုးရန် မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ အရည်အသွေးဆိုင်ရာ အာမခံချက်နှင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့်အစီအစဉ်ကို လိုက်ပါဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ၂၀၁၂ (Myanmar National Building Code 2012) ကို ရေးဆွဲခဲ့ပြီး အဆောက်အအုံများ၏အဆင့်အတန်း၊ မြို့ပြစီမံကိန်းရေးဆွဲမှု၊ စွမ်းအင်အား အကျိုးရှိစွာသုံးစွဲနိုင်ရန်နှင့် ပတ်ဝန်းကျင်နှင့်ဆီလျော်သည့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် ပြန်လည်ဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါကြောင်း။

ယခု နှစ်ရက်တာ ကျင်းပသည့်ညီလာခံတွင် ဆွေးနွေးမှုများမှ နိုင်ငံအချင်းချင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်လာနိုင်မည်ဖြစ်ပြီး မူလမျှော်မှန်းထားသည်ထက် ကျော်လွန်၍ နက်ရှိုင်းသည့်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဖိုရမ်ငယ်များတွင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက အရည်အသွေးပိုင်းဆိုင်ရာထိန်းချုပ်မှု စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ အမြင်များဖလှယ်နိုင်ကြမည်ဖြစ်ပြီး မူဝါဒများအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အတွေ့အကြုံကောင်းများကို ရရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Zhang Guoqing ၊ တရုတ်နိုင်ငံ၏ဈေးကွက်ထိန်းချုပ်စောင့်ကြည့်ရေး စီမံအုပ်ချုပ်ရေးဌာနဝန်ကြီး Mr. Luo Wen ၊ စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wan Xiaohhi ၊ စီချွမ်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Huang Qiang၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ရေးအဖွဲ့နှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အဓိကဖိုရမ်၊ ခေါင်းစဉ် (၈) ခုဖြင့် ဖိုရမ်ငယ်များ၊ အမျိုးသားနည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် စီချွမ်စီးပွားရေးလုပ်ငန်းများ အကြားအစည်းအဝေး (Match–making Meeting) များကို ဆက်လက်ကျင်းပပြုလုပ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဖြူမြို့နယ်၌ မိုးစပါးထွန်တုံးပိတ်ပွဲကျင်းပ

**ကျောက်ဖြူ စက်တင်ဘာ ၁**

ယမန်နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်က မိုးစပါး ထွန်တုံးပိတ်ပွဲ ဂုံးချိန်ကျေးရွာအုပ်စု လယ်ဒါ ကျင်းပရာ တာဝန်ရှိသူများက ပြင်ကွင်း၊ ကွင်းအမှတ် (၄၅၁) ကွင်းဆင်းကြည့်ရှု အားပေးကြသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လယ်ဒါပြင်ကွင်း ကွင်းအမှတ် (၄၅၁) တောင်သူတစ်ဦး၏ လယ်မြေတွင်ပြုလုပ်သည့် မိုးစပါးထွန်တုံးပိတ်ပွဲသို့ သို့သွားရောက်၍ ကြည့်ရှုရာ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်/မြို့နယ် ဦးစီးမှူးများက ၂၀၂၃–၂၀၂၄ ခုနှစ်တွင် မိုးစပါးလျာထားဧကထက် ပြည့်မီကျော်လွန် စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်ဖြူမြို့နယ်အနေဖြင့် ယခုနှစ် မိုးစပါးရာသီတွင် ရေကြီးရေလျှံမှုများ မရှိခဲ့သဖြင့် မိုးစပါးများကို အောင်မြင်စွာ စိုက်ပျိုးလျက်ရှိကြောင်း ရှင်းလင်းတင်ပြကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြေလွတ်မကျန် မိုးစပါးများစိုက်ပျိုးစေရေး၊ ဧကလျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်စေရေးနှင့် အထွက်နှုန်းတိုးပြီး ပိုးမွှားအန္တရာယ် ကျရောက်မှုမရှိစေရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားကာ အောင်မြင်ဖြစ်ထွန်းနေသည့် စပါးခင်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)**

# ထီးချိုင့်မြို့နယ်၌ ကွင်းသရုပ်ပြပွဲကျင်းပ

**ထီးချိုင့် စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ယူရီးယားဓာတ်မြေဩဇာရောင်းချခြင်း၊ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲနှင့် ငရုတ်သီးပိုးသတ် ဆေးရည်လက်တွေ့ပြုလုပ်ပြသခြင်းကွင်းသရုပ်ပြပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုအောင်က ဆွေးနွေးပွဲရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ငရုတ်သီးပိုးသတ်ဆေးရည် လက်တွေ့ပြုလုပ်ပြသခြင်း၊ Drum Seeder မျိုးစေ့ချကိရိယာနှင့် ကြားပေါင်းလိုက်တမန်းထိုးကိရိယာအသုံးပြု၍ တောင်သူနည်းပညာပေး ကွင်းသရုပ်ပြခြင်းနှင့် ကျေးရွာတောင်သူများအား ယူရီးယားဓာတ်မြေဩဇာများကို နိုင်ငံတော်ကသတ်မှတ်ပေးထားသည့်နှုန်းထားများဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **ရဲလင်းထွန်း (ပြန်/ဆက်)**

# လတ်တလော ဗဟုအသွင်ပြောင်း ကမ္ဘာ့အခင်းအကျင်းကို လေ့လာကြည့်သော . . .

**၂၀၂၃ ခုနှစ် ဧပြီလဆန်းမှာ ကမ္ဘာ့သံခင်းတမန်ခင်းနဲ့ပတ်သက်ပြီး ထူးခြားတဲ့အလှည့်အပြောင်းတစ်ရပ် ပေါ်ထွက်လာခဲ့ပါတယ်။ ဒီသတင်းကတော့ တရုတ်နိုင်ငံရဲ့ ကြားဝင်စေ့စပ်ပေးတဲ့ သဘောတူညီချက်အရ အီရန်နိုင်ငံနဲ့ ဆော်ဒီအာရေဗျနိုင်ငံအကြား ပုံမှန်သံတမန်ဆက်ဆံရေး ပြန်လည်ထားရှိမယ်ဆိုတဲ့ နှစ်နိုင်ငံပူးတွဲကြေညာချက်ပဲ ဖြစ်ပါတယ်။**

မောင်ကမ္ဘာ

တကယ်တော့ အီရန်နဲ့ ဆော်ဒီနှစ်နိုင်ငံရဲ့ ဆက်ဆံရေးကျဲတောက်မှုဟာ ဆယ်စုနှစ်မကတော့ပါဘူး။ တိတိကျကျဆိုရရင်တော့ အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာခိုမေနီ ဦးဆောင်တဲ့ ရှီးယိုက်အုပ်စုတွေက ၁၉၇၉ ခုနှစ်မှာ အစ္စလာမ့်တော်လှန်ရေးဆင်နွှဲပြီး ရှားဘုရင်ကို ဖြုတ်ချခဲ့တဲ့နောက်ပိုင်းက စလို့ပေါ့။

ထိုစဉ်က အီရန်တို့ရဲ့ အစ္စလာမ့်တော်လှန်ရေးကြောင့် အရှေ့အလယ်ပိုင်းက နိုင်ငံအများစုဟာ တုန်လှုပ်သွားခဲ့ကြတယ်။ အထူးသဖြင့် ဆော်ဒီအပါအဝင် ဘုရင်စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံအများစုဟာ အီရန်တို့က သူတို့ရဲ့ အစ္စလာမ့်တော်လှန်ရေးကို ဒေသတွင်းတင်ပို့လာမှာ စိုးရိမ်လာကြတဲ့အတွက် အမေရိကန်ရဲ့ထီးရိပ်အောက်ကို လုံးလုံးလျားလျား ပြေးဝင်ခိုလှုံခဲ့ကြရတယ်။

## မီးစတစ်ဖက် ရေမှုတ်တစ်ဖက်

အမေရိကန်ကလည်း သူ့အကျိုးစီးပွားအတွက် ဆော်ဒီ၊ ဘာရိန်း၊ ကာတာ စတဲ့ ရေနံကြွယ်ဝပြီး သဘောထားပျော့ပျောင်းမှုရှိတဲ့ အာရပ်နိုင်ငံတွေကို အကာအကွယ်ပေးခဲ့ပါတယ်။ အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်ရဲ့ဩဇာလွှမ်းမိုးလာအောင်လည်း အာရပ်-အစ္စရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ကမကထဦးဆောင်ကျင်းပပေးလိုက်၊ အီရန်၊ အီရတ်၊ လစ်ဗျားစတဲ့ သဘောထားတင်းမာတဲ့ နိုင်ငံတွေကို ပစ်မှတ်ထားပြီး အာရပ်ကမ္ဘာက မဟာမိတ်တွေနဲ့တင်းမာမှုတွေ ပြင်းထန်လာအောင် မီးထိုးပေးလိုက်၊ လက်နက်တွေ ရောင်းချလိုက်နဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ကျင့်သုံးခဲ့တာ ဆယ်စုနှစ်များစွာပါပဲ။

တစ်ဖက်မှာလည်း အမေရိကန်နဲ့ အနောက်အုပ်စုဟာ သူတို့ရဲ့ဩဇာမလွှမ်းတဲ့၊ သဘောထားချင်းမတိုက်ဆိုင်တဲ့ နိုင်ငံ့ခေါင်းဆောင်တွေကို မီဒီယာတွေရဲ့အကူအညီနဲ့ အာဏာရှင်တွေ၊ ရက်စက်ကြမ်းကြုတ်သူတွေ၊ ကိုယ်ကျိုးရှာသူတွေ စသဖြင့်ပုံဖော်ခဲ့ကြပါတယ်။ အမေရိကန်သမ္မတဘုရှ် လက်ထက်မှာတော့ ဘုရှ်ကိုယ်တိုင် မြောက်ကိုရီးယား၊ အီရန်နဲ့အီရတ်တို့ကို မကောင်းဆိုးရွားဝင်ရိုးတန်းသုံးနိုင်ငံ (Axis of Evil) လို့ ပုံဖော်နာမည်ပေးခဲ့ပါတယ်။

**အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စု မီဒီယာတွေဆိုတာကလည်း များသောအားဖြင့် သူတို့နဲ့ဆန့်ကျင်ဘက်နိုင်ငံတွေဆိုရင် အဖြူကို အမည်းဖြစ်အောင် လုပ်ကြံရေးကြ၊ လွှင့်တတ်ကြတယ်။ ကိုယ့်အုပ်စုဝင်မဟုတ်တဲ့ ဆန့်ကျင်ဘက်နိုင်ငံတွေမှာ ဆူပူ၊ ဆန္ဒပြ၊ သပိတ်မှောက်မှုဖြစ်စဉ်တွေ ဖြစ်ပွားပေါ်ပေါက်လာရင် အားပေးအားမြှောက်၊ ပါးဖြဲနားဖြဲရေးသားထုတ်လွှင့်ခဲ့ကြသလို နိုင်ငံပျက်စီးလုနီးအခြေအနေတွေ ဆိုးရွားလာလို့ အုပ်ချုပ်ရေးဘက်က တားဆီးနှိပ်ကွပ်မှုတွေရှိလာရင်လည်း "ရောမ သွေးထွက်သံယိုမှုကြီး"၊ "အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး"၊ "အပြစ်မဲ့ လက်နက်မဲ့ပြည်သူတွေကို ရက်ရက်စက်စက် နှိပ်ကွပ်သတ်ဖြတ်မှုကြီး" စတဲ့စကားလုံးတွေ တန်ဆာဆင်သုံးနှုန်းလေ့ရှိပြီး သူတို့အုပ်စုဝင် ဘက်တော်သားနိုင်ငံတွေမှာ ဆူပူ၊ ဆန္ဒပြ၊ သပိတ်မှောက်မှုတွေ ပေါ်ပေါက်လာရင်တော့ သိုသိုသိပ်သိပ်၊ လက်သိပ်ထိုးလုပ်တတ်ကြပါတယ်။**

> ❑ **အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စု မီဒီယာတွေဆိုတာကလည်း များသောအားဖြင့် သူတို့နဲ့ဆန့်ကျင်ဘက်နိုင်ငံတွေဆိုရင် အဖြူကို အမည်းဖြစ်အောင် လုပ်ကြံရေးကြ၊ လွှင့်တတ်ကြတယ်။ ကိုယ့်အုပ်စုဝင်မဟုတ်တဲ့ ဆန့်ကျင်ဘက်နိုင်ငံတွေမှာ ဆူပူ၊ ဆန္ဒပြ၊ သပိတ်မှောက်မှုဖြစ်စဉ်တွေ ဖြစ်ပွားပေါ်ပေါက်လာရင် အားပေးအားမြှောက်၊ ပါးဖြဲနားဖြဲရေးသားထုတ်လွှင့်ခဲ့ကြသလို နိုင်ငံပျက်စီးလုနီး အခြေအနေတွေ ဆိုးရွားလာလို့ အုပ်ချုပ်ရေးဘက်က တားဆီးနှိပ်ကွပ်မှုတွေရှိလာရင်လည်း "ရောမ သွေးထွက်သံယိုမှုကြီး"၊ "အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး"၊ "အပြစ်မဲ့ လက်နက်မဲ့ပြည်သူတွေကို ရက်ရက်စက်စက် နှိပ်ကွပ်သတ်ဖြတ်မှုကြီး" စတဲ့စကားလုံးတွေတန်ဆာဆင် သုံးနှုန်းလေ့ရှိပြီး သူတို့အုပ်စုဝင် ဘက်တော်သားနိုင်ငံတွေမှာ ဆူပူ၊ ဆန္ဒပြ၊ သပိတ်မှောက်မှုတွေ ပေါ်ပေါက်လာရင်တော့ သိုသိုသိပ်သိပ်၊ လက်သိပ်ထိုးလုပ်တတ်ကြပါတယ်**

တူနီးရှား၊ အီဂျစ်၊ လစ်ဗျား စတဲ့အာရပ်နွေဦးတော်လှန်ရေးကာလအတွင်း မရှေးမနှောင်းဖြစ်ပွားခဲ့တဲ့ အမေရိကန်ရဲ့ မဟာမိတ် ဘာရိန်းအာရပ်နွေဦးတော်လှန်ရေးဟာ ကမ္ဘာ့မြင်ကွင်းမှာ မထင်မရှား၊ မပေါ်လွင်ခဲ့သလို များမကြာမီက ပြင်သစ်နိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ ပင်စင်ပြုပြင်ပြောင်းလဲမှုကိစ္စနဲ့ ပတ်သက်ပြီး လူပေါင်း သုံးသိန်းကျော်၊ လေးသိန်းနီးပါးပါဝင်တဲ့ ဆန္ဒပြမှုဖြစ်စဉ်တွေဟာလည်း ကမ္ဘာ့မြင်ကွင်းမှာ သာမန်မျှသာဖြစ်ခဲ့ပါတယ်။

## အမေရိကန်ရဲ့ဩဇာဟာ တဖြည်းဖြည်းကျဆင်းလာ

အမေရိကန်ရဲ့ လိုရင်လိုသလို၊ မလိုရင် မလိုသလို မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ကိုင်စွဲထားတဲ့ ကိုယ်ကျိုးစီးပွား အဓိကမူဝါဒကြောင့်လည်း ယနေ့ကမ္ဘာမှာ အမေရိကန်ရဲ့ဩဇာဟာ တဖြည်းဖြည်းကျဆင်းလာတယ်လို့ပဲဆိုရပါမယ်။ ကုလသမဂ္ဂက တားမြစ်ထားတဲ့ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေတဲ့ WMD လက်နက်တွေ ထုတ်လုပ်စုဆောင်းထားတယ်ဆိုတဲ့ မဟုတ်မမှန် စွပ်စွဲချက်နဲ့ အမေရိကန်က ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲအပြီးမှာတော့ အမေရိကန်ရဲ့ဩဇာဟာ ကမ္ဘာမှာ ပိုလို့တောင်ကျဆင်းလာခဲ့ပါတယ်။

ဒါကို အမေရိကန်တွေကိုယ်နှိုက်ကလည်း သတိပြုမိခဲ့ကြပါတယ်။ ယေးလ်တက္ကသိုလ် စီမံခန့်ခွဲရေးကျောင်းက ကျောင်းအုပ်ကြီး ဂျက်ဖရီဂါးတင်းကိုယ်တိုင် ထိုစဉ်က နယူးစ်ဝိခ်မဂ္ဂဇင်းတွင် ကမ္ဘာတစ်လွှားမှာ အမေရိကန်ဆန့်ကျင်ရေးဝါဒ ကြီးထွားလာနေတယ်လို့ သတိပေးရေးသားခဲ့ပါတယ်။ ဒီဆောင်းပါးမှာ Anti Americanism လို့ သုံးနှုန်းဖော်ပြခဲ့ရုံမက ဥရောပမှာအခြေစိုက်တဲ့ အမေရိကန်ကုမ္ပဏီတချို့ရဲ့ အမှုဆောင်တွေက ဝါရှင်တန်ရဲ့ နိုင်ငံခြားရေးပေါ်လစီကို ဆန့်ကျင်တဲ့အစိုးရတွေကို သွင်းကုန်တားဆီးတာမျိုးတွေ မလုပ်သင့်ပါဘူးလို့ ပြောတဲ့အကြောင်း ဂါးတင်းက ရေးခဲ့ပါတယ်။

ယခင်က အမေရိကန်ဆန့်ကျင်ရေးဝါဒဟာ လက်ဝဲနိုင်ငံရေးသမားတွေ၊ ပညာတတ်သီးသန့်အလွှာတွေရဲ့ အာဘော်မျှသာဖြစ်ခဲ့ပေမယ့် လက်ရှိမှာတော့ လူ့အဖွဲ့အစည်းရဲ့ ကျယ်ပြန့်တဲ့အလွှာစုံကို ပျံ့နှံ့နေပြီလို့လည်း သတိပေးခဲ့ပါတယ်။

ဆယ်စုနှစ် နှစ်စုအကြာ ယခုမျက်မှောက်ကာလမှာတော့ တရုတ်နိုင်ငံရဲ့ ကြားဝင်စေ့စပ်ပေးတဲ့ သဘောတူညီချက်အရ အီရန်နဲ့ ဆော်ဒီနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်စတင်မှုဟာ ဆောင်းပါးရှင် ဂါးတင်းရဲ့ သတိပေးသုံးသပ်ချက်တွေက အဟုတ်အမှန်တကယ်အသက်ဝင်လာခဲ့ပြီလို့ပဲ ဆိုရပါမယ်။

## အပြုသဘောဆောင်တဲ့သက်ရောက်မှုတွေ

အီရန်တို့က ဆော်ဒီနဲ့ပြန်လည်သင့်မြတ်လာခြင်းက ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အပြုသဘောဆောင်တဲ့သက်ရောက်မှုတွေ အပြင် နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံတွေအတွက်လည်းပဲ ကုန်သွယ်ရေးနဲ့ စီးပွားရေးကိုမြှင့်တင်ပေးနိုင်လိမ့်မယ်လို့ ဆိုပါတယ်။

တရုတ်နိုင်ငံကတော့ "ဆော်ဒီ-အီရန်ဆက်ဆံရေးကောင်းမွန်လာမှုဟာ ဒေသတွင်းနိုင်ငံများ စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဒေသတွင်း တင်းမာမှုအခြေအနေကို ဖြေလျှော့ရေးမှာ အရေးကြီးတဲ့အနက်အဓိပ္ပာယ်ရှိတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးအတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုနဲ့ ပဋိပက္ခဖြေရှင်းရေးရဲ့ အရေးကြီးတဲ့ စံနမူနာဖြစ်ပြီး ပြည်သူ့ဆန္ဒနဲ့လျော်ညီသလို ခေတ်ရေစီးကြောင်းနဲ့ ဒေသတွင်းနိုင်ငံတွေ ဘုံအကျိုးစီးပွားနဲ့လည်း ကိုက်ညီတယ်။ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအဆိုပြုချက်၊ လူသားမျိုးနွယ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးအတွက် ခမ်းနားတဲ့ဖော်ဆောင်မှုဖြစ်သလို လူသားမျိုးနွယ်တို့ရဲ့ ပဋိပက္ခကို ကျော်ဖြတ်ပြီး ရင်ကြားစေ့သင့်မြတ်ရေးကို ဖော်ဆောင်တဲ့ ခြေလှမ်းကြီးတစ်ရပ်လည်း ဖြစ်တယ်" လို့ဆိုပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေ မဟာဗျူဟာ လွတ်လပ်မှု၊ စည်းလုံးညီညွတ်စွာ ညှိနှိုင်းဆောင်ရွက်ရေးကို အားဖြည့်မှု၊ ပြည်ပစွက်ဖက်မှုမှ ရုန်းထွက်ကာ အရှေ့အလယ်ပိုင်းရဲ့ အနာဂတ်ကို အရှေ့အလယ်ပိုင်းရဲ့လက်ထဲမှာသာထားရှိမှုကို မဖိတ်မသုန်ထောက်ခံအားပေးသွားမယ်လို့လည်း အလေးထားပြောကြားသွားခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ယခုရက်ပိုင်း ဩဂုတ်လ ၂၃ ရက်နေ့က တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့မှာ ကျင်းပခဲ့တဲ့ (၁၅) ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေးကလည်း ဗဟုအသွင်ပြောင်း ကမ္ဘာ့အခင်းအကျင်းတစ်ရပ်အဖြစ် ပေါ်ထွက်လာပြန်ပါတယ်။

## အခင်းအကျင်းအသစ်တစ်ခု

"ဘရာဇီးလ်၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နဲ့ တောင်အာဖရိကနိုင်ငံတို့ဖွဲ့စည်းထားတဲ့ (BRICS)အဖွဲ့ဟာ နိုင်ငံပေါင်းစုံပူးပေါင်းပါဝင်တဲ့ ကမ္ဘာ့အခင်းအကျင်းထက်ပိုတဲ့ အခင်းအကျင်းအသစ်တစ်ခု ဖြစ်လာစေရန် လုပ်ငန်းစဉ်ကို ချဲ့ထွင်နေတယ်" လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗရော့ဗ်ကတာ့စ်သတင်းဌာနကို ပြောကြားခဲ့ပါတယ်။

ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က "BRICS နိုင်ငံတွေဟာ လက်ရှိဖြစ်ပေါ်နေတဲ့ ပြင်ပစီးပွားရေးစိန်ခေါ်မှုတွေကြားက ပူးပေါင်းဆောင်ရွက်မှု ဆက်လက်နက်ရှိုင်းလျက်ရှိတယ်" လို့ ဩဂုတ်လ ၂၂ ရက်နေ့က ရုပ်သံလင့်ခ်မှတစ်ဆင့် BRICS စီးပွားရေးဖိုရမ်-၂၀၂၃ မိန့်ခွန်းမှာ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် သမ္မတပူတင်က "ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအပေါ်မှာ တရားမဝင်တဲ့ ပိတ်ဆို့အရေးယူမှုတွေ ကျင့်သုံးဆောင်ရွက်ခြင်း၊ နိုင်ငံရဲ့ အရန်ငွေကြေးတွေကို ဥပဒေနဲ့ ဆန့်ကျင်တဲ့ပိတ်ပင်ခြင်းတွေဟာ အလုံးစုံအနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေရှိခဲ့တယ်" လို့ မှတ်ချက်ပြုခဲ့ပြီး "ဒီလိုလုပ်ဆောင်မှုတွေဟာ အရင်းအမြစ်ပြတ်လပ်ကာ မညီမျှမှုတွေကို တိုးလာစေရုံမက အလုပ်လက်မဲ့ဖြစ်မှုနဲ့ ဈေးနှုန်းမြင့်တက်မှုတွေ ဖြစ်ပေါ်စေတယ်။ အဲဒီမှာ ဖွံ့ဖြိုးမှုအားနည်းတဲ့နိုင်ငံတွေကို ထိခိုက်စေတယ်" လို့ အလေးအနက်ပြောကြားခဲ့တာကို ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့ပါတယ်။

တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်ကလည်း ထိပ်သီးအစည်းအဝေးမှာ "စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းမည်၊ တာဝန်ယူမှုရှိစွာ ငြိမ်းချမ်းရေးကို မြှင့်တင်မည်"ခေါင်းစဉ်နဲ့ အရေးကြီးမိန့်ခွန်းတစ်ရပ် တက်ရောက်ပြောကြားသွားခဲ့ပါတယ်။

သမ္မတရှီကျင့်ဖျင်က "BRICS နိုင်ငံတွေက နိုင်ငံတကာအခင်းအကျင်းကို ပုံဖော်ရာမှာ အရေးကြီးအင်အားဖြစ်တယ်။ မိမိတို့က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့အဖြစ် ကုန်သွယ်စီးပွား၊ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုတွေကို နက်ရှိုင်းအောင် ဆောင်ရွက်ရမှာဖြစ်တယ်။ ဖွံ့ဖြိုးတိုးတက်မှုဟာ လုယူလို့မရတဲ့ နိုင်ငံတိုင်းရဲ့ အခွင့်အရေးဖြစ်ပြီး နိုင်ငံအနည်းစုရဲ့ "မူပိုင်ခွင့်" မဟုတ်ဘူး။ BRICS နိုင်ငံတွေဟာ

> **❝ ဒါကို အမေရိကန်တွေကိုယ်နှိုက်ကလည်း သတိပြုမိခဲ့ကြပါတယ်။ ယေးလ်တက္ကသိုလ် စီမံခန့်ခွဲရေးကျောင်းက ကျောင်းအုပ်ကြီး ဂျက်ဖရီဂါးတင်းကိုယ်တိုင် ထိုစဉ်က နယူးစ်ဝိခ်မဂ္ဂဇင်းတွင် ကမ္ဘာတစ်လွှားမှာ အမေရိကန်ဆန့်ကျင်ရေးဝါဒ ကြီးထွားလာနေတယ်လို့ သတိပေးရေးသားခဲ့ပါတယ်။ ဒီဆောင်းပါးမှာ Anti Americanism လို့ သုံးနှုန်းဖော်ပြခဲ့ရုံမက ဥရောပမှာအခြေစိုက်တဲ့ အမေရိကန်ကုမ္ပဏီတချို့ရဲ့ အမှုဆောင်တွေက ဝါရှင်တန်ရဲ့ နိုင်ငံခြားရေးပေါ်လစီကို ဆန့်ကျင်တဲ့အစိုးရတွေကို သွင်းကုန်တားဆီးတာမျိုးတွေ မလုပ်သင့်ပါဘူးလို့ပြောတဲ့အကြောင်း ဂါးတင်းက ရေးခဲ့ပါတယ်❞**

*စာမျက်နှာ ၇ သို့*

# နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ အငြိမ်းအကြိမ် မိတ်ဆုံ နေ့လယ်စာစားပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်အစိုးရ၏ ယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော ဝန်ထမ်းများကို မိသားစုသဖွယ် အသိမှတ်ပြုသောအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ အငြိမ်းအကြိမ် မိတ်ဆုံ နေ့လယ်စာစားပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါ မိတ်ဆုံနေ့လယ်စာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ ရင်းနှီးခင်မင်စွာ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ (ယာပုံ) **သတင်းစဉ်**





# ရှာငံကော်ဖီကို ဒေသအမည်ကောင်းရ ထုတ်ကုန်အဖြစ် တိုးချဲ့လုပ်ကိုင်နိုင်ရန် အားပေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ် မြိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ရွာငံကော်ဖီလက်ဖက်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံကော်ဖီတောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကော်ဖီကို တန်းမြင့်ကော်ဖီအရည်အသွေးအဖြစ် နိုင်ငံတကာဈေးကွက်တွင် နာမည်ကောင်းရနေသကဲ့သို့ အော်ဂဲနစ်ထုတ်ကုန်အဖြစ် ဈေးကောင်းရလျက်ရှိရာ အလားအလာကောင်းသော ပြည်ပပို့ကုန်အဖြစ် တိုးချဲ့ဆောင်ရွက်ပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် လုပ်ငန်းကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသအလိုက် ကောင်းမွန်ထင်ရှားသော ထွက်ကုန်များရှိသကဲ့သို့ ရွာငံကော်ဖီကို ဒေသအမည်ကောင်းရ ထုတ်ကုန်အဖြစ် တိုးချဲ့လုပ်ကိုင်နိုင်ရန် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကော်ဖီလုပ်ငန်းရှင်များ၊ ကော်ဖီအသင်းအဖွဲ့များအနေဖြင့် မိမိတို့လုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်ရန် လိုအပ်ချက်များရှိပါက ရင်းနှီးပွင့်လင်းစွာ တင်ပြပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးအာကာလင်းက ကော်ဖီတိုးချဲ့စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေအသုံးချခွင့်နှင့် သွင်းအားစုများအား ဒေသတွင်းထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာရရှိရေးဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဒေသ၏ ကော်ဖီတိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်မှု အလားအလာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကော်ဖီပင်စိုက်ပျိုးပြုစုသည်မှ ဆွတ်ခူးထုတ်လုပ်မှုအဆင့်တိုင်းတွင် ကော်ဖီအထွက်နှုန်းနှင့် အရည်အသွေးအပေါ် သက်ရောက်မှုဆိုင်ရာ သိမှတ်ဖွယ်ရာများကို လည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရေချိုအရင်းအမြစ် ရှာဖွေဖော်ထုတ် အသုံးပြုနိုင်မှုနှင့် စိုက်ပျိုးရေစီမံခန့်ခွဲမှုဆိုင်ရာများကို လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးက တည်ဆဲဥပဒေများနှင့်အညီ မြေယာအသုံးချနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ရွာငံကော်ဖီလက်ဖက်အသင်းဥက္ကဋ္ဌနှင့် ဒေသခံကော်ဖီတောင်သူများ၏ သိရှိလိုသည်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကာ ကော်ဖီတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ရွာငံ)တွင် ဆောင်ရွက်လျက်ရှိသော ကော်ဖီမျိုးထိန်း၊ မျိုးပွားလုပ်ငန်းများ၊ ကော်ဖီအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းနှင့် ကော်ဖီနည်းပညာပြန့်ပွားရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကော်ဖီပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**

အလားတူ ပုဂ္ဂလိကကော်ဖီခြံများ၏ ကော်ဖီစိုက်ပျိုးဖြစ်ထွန်းနေမှုများ၊ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းများနှင့် ကော်ဖီအခြေခံစားသောက်ကုန်ချော ထုတ်လုပ်ရောင်းချနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အောင်ပန်းမြို့ရှိဒေသသုတေသနဗဟိုဌာနသို့ရောက်ရှိပြီး မျိုးအာလူးများ ဖြန့်ဝေမှုစနစ်တည်ထောင်ခြင်း စီမံကိန်းလုပ်ငန်းများ၊ ရောဂါပိုးမွှားကင်းစင်သော မျိုးအာလူးထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်းမြင့်စပါး၊ ဂျုံ၊ ပဲပုပ်၊ ဆီမုန်ညင်း၊ ဆီမုန်လာ၊ ပန်းနှမ်း၊ ပြောင်း စသည့် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော သီးနှံများဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ရုရှားနိုင်ငံ အာလူးမျိုးများကို တစ်သျှူးနည်းပညာဖြင့် မျိုးပွားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကော့ကရိတ်မြို့၌ အခြေခံအိမ်သုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်နည်း(မွမ်းမံ)သင်တန်းဖွင့်

**ကော့ကရိတ် စက်တင်ဘာ ၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးဖော်ဆောင်ပေးရေး ရည်ရွယ်၍ ကော့ကရိတ်မြို့နယ် ဘုရားကုန်းကျေးရွာ၌ ယနေ့နံနက် ၉ နာရီက အခြေခံအိမ်သုံး လျှပ်စစ်ပစ္စည်းများ ပြုပြင်နည်း(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်ထွန်းထွန်းလှက သင်တန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အခြေခံအိမ်သုံး လျှပ်စစ်ပစ္စည်းများပြုပြင်နည်း (မွမ်းမံ) သင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၉ ရက်အထိ သင်တန်းသား ၁၀ ဦးဖြင့် ၁၀ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ရာ လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်စွာ တတ်မြောက်နိုင်ရေး သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ် လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးအား သတ်မှတ်ချက်နှင့်အညီ ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသော စက်ပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးဝင်း**

**(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ဖွံ့ဖြိုးတိုးတက်ရေးလမ်းကိုအတူ အဖော်ပြုလျှောက်လှမ်းကြသူတွေဖြစ်လို့ ကွင်းဆက်ဖြတ်တောက်ခြင်း၊ စီးပွားရေးအကျပ်ကိုင်ခြင်းတွေကို ဆန့်ကျင်ရမယ်" စသဖြင့် ပြောကြားသွားခဲ့ပါတယ်။

### အဖွဲ့ဝင်အင်အား တိုးချဲ့မှု

အဆိုပါ ထိပ်သီးအစည်းအဝေးမှာ BRICS ခေါင်းဆောင်တွေဟာ အဖွဲ့ဝင်တွေအကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ အဖွဲ့ဝင်အင်အား တိုးချဲ့မှုအပါအဝင် ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြပြီး အာဂျင်တီးနား၊ အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ကို အဖွဲ့ဝင်သစ်အဖြစ် လက်ခံခဲ့ပါတယ်။ ၎င်းခြောက်နိုင်ငံဟာ လာမယ့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ BRICS အဖွဲ့ဝင်သစ်တွေအဖြစ် စတင်အသက်ဝင်လာမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ သမ္မတရှီကျင့်ဖျင်ဟာ ဂျိုဟန်နစ္စဘတ်မြို့မှာ ရောက်ရှိစဉ်အတွင်း တရုတ်-အာဖရိကခေါင်းဆောင်များဆွေးနွေးပွဲမှာ အာဖရိကဒေသ ခေတ်မီအသွင်ပြောင်းမှုအတွက် တရုတ်နိုင်ငံနဲ့ အာဖရိက အတူတကွဆောင်ရွက်သွားဖို့ တိုက်တွန်းပြောကြားပါတယ်။

တရုတ်နိုင်ငံဟာ လွန်ခဲ့တဲ့ဆယ်စုနှစ်အတွင်း အာဖရိကရဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိတယ်လို့ သိရပါတယ်။ တကယ်တော့ တရုတ်နိုင်ငံနဲ့ အာဖရိကနိုင်ငံတွေရဲ့ ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန် နားလည်ယုံကြည်မှုတို့ဟာ သမိုင်းအစဉ်အလာကြီးမားခဲ့ပါတယ်။ ၁၉၅၆ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း အာဖရိက ၃၆ နိုင်ငံကို တရုတ်ရဲ့ ထောက်ပံ့ငွေစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၇၆ ဘီလီယံရှိခဲ့ကြောင်း မှတ်တမ်းတွေအရသိရပါတယ်။

၁၉၆၄ ခုနှစ်ကာလမှာလည်း တန်ဇန်းနီးယားနိုင်ငံရဲ့ အကူအညီတောင်းခံမှုကြောင့် တရုတ်နိုင်ငံဟာ တန်ဇန်းနီးယား-ဇမ်ဘီယာမီးရထားလမ်း ကွန်ရက်ကြီးတစ်ခုကို တည်ဆောက်ပေးခဲ့ဖူးပါတယ်။ ထိုစဉ်အခါက တရုတ်ပြည်ရဲ့ စီးပွားရေးအင်အားအရ ကီလိုမီတာ ၁၈၀၀ ကျော်ရှည်တဲ့ တန်ဇန်းနီးယား-ဇမ်ဘီယာမီးရထားလမ်း ကူညီဆောက်လုပ်ရေးအတွက်ဆိုတာ လုံးဝမလွယ်တဲ့ကိစ္စဖြစ်ပါတယ်။ ဝန်ကြီးချုပ်ချူအင်လိုင်းဟာ ထိုစဉ်က တရုတ်နိုင်ငံရဲ့ ခနအင်အားကြောင့် ချီတုံချတုံဖြစ်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ ကူညီဆောင်ရွက်ပေးဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

### အချည်းအနှီးမဖြစ်ခဲ့

တရုတ်နိုင်ငံရဲ့ အာဖရိကနိုင်ငံတွေအပေါ် ကူညီထောက်ပံ့မှုတွေကလည်း အဟောသိကံအချည်းအနှီး မဖြစ်ခဲ့ပါဘူး။ ၁၉၇၁ ခုနှစ် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကုလသမဂ္ဂရဲ့ တရားဝင်နေရာပြန်လည်ရရှိရေးဆွေးနွေးချိန်မှာ အဆိုတင်သွင်းတဲ့ ၂၃ နိုင်ငံအနက် ၁၁ နိုင်ငံဟာ အာဖရိကနိုင်ငံတွေဖြစ်ပြီး ထောက်ခံမဲပေးတဲ့အခါမှာ ၇၈ နိုင်ငံအနက် အာဖရိကနိုင်ငံ ၂၆ နိုင်ငံက ပါဝင်မဲပေးခဲ့ကြပါတယ်။

နိုင်ငံတကာ သံခင်းတမန်ခင်းကဏ္ဍမှာ မိတ်ဆွေစစ်မှန်ရင် ဆက်ဆံရေးဟာ ခေါင်းဆောင်အဆက်ဆက် သားစဉ်မြေးဆက်တည်တံ့ခိုင်မြဲနေမှာဖြစ်ပါတယ်။ အပြန်အလှန်ယုံကြည်မှု၊ နားလည်စာနာမှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှုတွေကြောင့်လည်း မိတ်ဆွေနိုင်ငံတွေအချင်းချင်းဟာ တူရာတူရာ စုဖွဲ့စုပေါင်းလာခဲ့ကြရာမှ လက်ရှိကာလမှာ ဗဟုအသွင်ပြောင်း ကမ္ဘာ့အခင်းအကျင်းတစ်ရပ် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်တယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဆိုင်ကလုန်းမုန်တိုင်းမိုခါပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ လှည့်လည်ကြည့်ရှု



**စစ်တွေ စက်တင်ဘာ ၁**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ယနေ့နံနက်ပိုင်းက နေပြည်တော်မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ရင်ရင်နွယ်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ခရီးစဉ်တွင် လိုက်ပါလာသည့် သံတမန်အဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့ ညှိနှိုင်းဂေဟာ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အပေါ်ယာပုံ)**

**မျက်မြင်တွေ့ရှိလေ့လာနိုင်ရန်**

ထိုသို့တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ယခုသံတမန်ခရီးစဉ်သည် ရခိုင်ပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်းမိုခါ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မြေပြင်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် မြန်မာအစိုးရ၏ လက်တွေ့ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေမှန်များကို မျက်မြင်တွေ့ရှိ လေ့လာနိုင်ရန်အတွက် စီစဉ်ခြင်းဖြစ်ပါကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းမိုခါ ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ရာ၌ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှုမရှိစေရေးနှင့် မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် အခြေအနေဆောင်ရွက်ပေးရေးမူဝါဒတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးတွင်လည်း စိစစ်ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို အလေးထားရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ရင်ရင်နွယ်က ဆိုင်ကလုန်းမိုခါ ဘေးဒဏ်သင့်ဒေသများ၌ တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်ထူထောင်ရေး တိုးတက်မှုအခြေအနေ မေ ၆ ရက်မှ ဇွန် ၃၀ ရက်အထိ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောနိုင်က ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍လည်းကောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူဇော်က မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ MoU အရ မြန်မာနိုင်ငံဘက်မှ ပြန်လည်လက်ခံရေးလုပ်ငန်းများအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**များစွာဝမ်းမြောက်မိ**

ထို့နောက် ခရီးစဉ်တွင် လိုက်ပါလာကြသည့် သံတမန်များက ပြန်လည်ဆွေးနွေးရာတွင် မိုခါမုန်တိုင်းဒဏ်သင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို သိရှိရသည့်အပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နေရာချထားရေး အစီအမံများကို မြန်မာနိုင်ငံမှ နိုင်ငံရေးဆန္ဒရှိစွာဖြင့် ဆောင်ရွက်ပေးနေမှုများကိုလည်း ကြားသိရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တုံ့ပြန်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ မေယုလမ်းနှင့် ချင်းပျံလမ်းထောင့်ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိရာ ဘုရားကျောင်းမှ တာဝန်ရှိသူများက မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်



အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံး စီမံကိန်းဆိပ်ကမ်းသို့ရောက်ရှိကြပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ပစ္စည်းများ တင်ဆောင်လာသည့် MERCURY FORCE သင်္ဘောပေါ်မှ ထောက်ပံ့ရေးပစ္စည်းများအား ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပို့ဆောင်မည့် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုများကို ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုကြကာ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်နှင့် သကျမုနိဘုရားသိမ်တော်ကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်မှုကို ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ ရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် စစ်တွေမြို့ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ မတူကွဲပြားမှုများရှိသော်လည်း အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရန်နှင့်

*စာမျက်နှာ ၉ သို့*



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် သံတမန်အဖွဲ့အား စစ်တွေမြို့ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ဖွင့်လှစ်သည့် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ(ဆင့်ပွား) သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် သံတမန်အဖွဲ့ သဲချောင်းကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ သောကြာနေ့စကားဝိုင်း ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန်ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၂၈) ဆွေးနွေးပွဲကို "တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဆောင်ရွက်ချက်များအား အသိပညာမျှဝေဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**





ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးမျှဝေမည့် "တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ချက်များ" သည် ဝန်ထမ်းများ သိရှိနားလည်ထားသင့်သည့် အကြောင်းအရာဖြစ်ပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းစေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်နိုင်မှုနှင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုသည် အဓိကအရေးကြီးသောအချက်များပင်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်မှ မူဝါဒများ ချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် လုပ်အား၊ အရင်းအနှီးနှင့် အခြားသွင်းအားစုများသာမက နည်းပညာနှင့်စွမ်းဆောင်နိုင်မှု ပြောင်းလဲခြင်း(Total Factor Productivity– TFP) ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဆိုသည့် အချက်မှစ၍ တရုတ်နိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆောင်ရွက်ချက်အတွေ့အကြုံများသည် အနာဂတ်ကိုဖော်ဆောင်မည့် ဝန်ထမ်းအားလုံး သိထားသင့်သည့် အရေးကြီးသော အကြောင်းအရာများဖြစ်သည့်အတွက် စိတ်ပါဝင်စားစွာ စနစ်တကျပါဝင်ဆွေးနွေးမေးမြန်းကြရန် တိုက်တွန်းပြောကြားသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇာလီနွယ်က "တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ဆောင်ရွက်ချက်များအား အသိပညာမျှဝေဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများက Online ဖြင့် တက်ရောက်ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ပြဿနာများကို အတူတကွ ပူးပေါင်းဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ(ဆင့်ပွား) သင်တန်းနှင့် စက်ချုပ်အတတ်ပညာဖြင့် လူမှုဘဝရပ်တည်နိုင်ရေးအတွက်ရည်ရွယ်၍ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းသို့ရောက်ရှိပြီး သင်တန်းတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ဒေသခံတိုင်းရင်းသူများနှင့် IDP စခန်းများမှ အမျိုးသမီးများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့သည် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေတက္ကသိုလ်၊ သဲချောင်းကျေးရွာနှင့် ဒါးပိုင်ကျေးရွာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး သက္ကယ်ပြင် IDP စခန်း၌ စခန်းတွင် နေထိုင်သူများ၊ စခန်းတာဝန်ခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြား၍ **(ယာပုံ)** သက္ကယ်ပြင်တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် သံတမန်အဖွဲ့သည် စစ်တွေဟိုတယ်၌ ပြည်နယ်ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများအောင်မြင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ၏ ပြည်ပစားသုံးဆီ တင်သွင်းမှု လျှော့ကျစေရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးအတွက် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သကဲ့သို့ အရည်အသွေးကောင်း စားသုံးဆီများထုတ်လုပ်ရန် အဆင့်မီဆီစက်များလည်း လိုအပ်နေသဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ကွင်းဆင်းစစ်ဆေး**

ယင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ချေးငွေစိစစ်ကြီးကြပ်ရေးနှင့် စောင့်ကြည့်လေ့လာသုံးသပ်ရေး (Monitoring and Evaluation) အဖွဲ့ ခေါင်းဆောင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ယနေ့နံနက်ပိုင်းက အဖွဲ့ဝင်ဌာနဆိုင်ရာများနှင့်အတူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဆီစက်လုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်စစ်ဆေးသည်။

**ပေါင်းစပ်ဆောင်ရွက်**

အမြဲတမ်း အတွင်းဝန်နှင့်အဖွဲ့သည် အောင်လံမြို့ ရွာထောင်ရပ်ကွက်ရှိ "မြေလတ်"ဆီစက်သို့ သွားရောက်ပြီး ဆီစက်လုပ်ငန်းများလည်ပတ်နေမှုနှင့် ကုန်ကြမ်းသိုလှောင်ထားရှိမှု၊ ချေးငွေထုတ်ယူပြီးစီးမှု၊ ချေးငွေစီမံချက်ပါအတိုင်း ဆီစက်လုပ်ငန်းတွင် အမှန်တကယ် လိုက်နာသုံးစွဲမှု ရှိ/မရှိတို့ကို ကြီးကြပ်စစ်ဆေးကာ လုပ်ငန်း အခက်အခဲများအပေါ် ဌာနဆိုင်ရာများနှင့်အတူ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❑ *ကျောဖုံးမှ*

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့်ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါးစသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

နန်ယုတ်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ သစ်ရာ၊ အင်ကြင်း စသည့်အဖိုးတန်သစ်မျိုးများနှင့် ကညင်၊ သပြေ၊ လောက်ယား၊ သစ်စေး စသည့် ဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော ဝက်ဝံ၊ မျောက်၊ ဆတ်၊ ပြောင်၊ ချေ၊ တောဝက် စသည့်တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာနိုင်ခြင်း၊ ဥရုမြစ်အတွင်း စီးဝင်သော နန်ယုတ်ချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

❍ *ကျောဖုံးမှ*

အမာခံကစားသမားများ ပါဝင်ကစားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် ဂိုးများကို ဆွမ်လမန်နှင့် ဇင်ကိုထက်တို့က သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၈ ရက်နှင့် ၁၁ ရက်တို့တွင် ယှဉ်ပြိုင်ကစားရမည့် နီပေါလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး ဒုတိယမြောက် ခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက ဒဂုံစတားအသင်းနှင့် ခြေစမ်းပြီးနောက် ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် အား/ကာသိပ္ပံအသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ **ကိုညီလေး ၊ ဓာတ်ပုံ – MFF**

## မင်းလှမြို့နယ်၌ တောင်သူများအား နေကြာမျိုးစေ့နှင့် ရွှေတောင်(၈) ဝါ မျိုးစေ့များထောက်ပံ့

**မင်းလှ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်းနေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့များနှင့် ဝါစိုက်ဧရိယာ တိုးချဲ့စိုက်ပျိုးမည့် တောင်သူများအား ရွှေတောင်(၈)ဝါမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးသိန်းက ဆီထွက်သီးနှံ နေကြာ တိုးချဲ့စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များနှင့် မျိုးစေ့များ အခမဲ့ဖြန့်ဖြူးပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၅ အုပ်စုမှ တောင်သူ ၁၈၉ ဦးအား နေကြာမျိုးစေ့များနှင့် ရွှေတောင်(၈) ဝါမျိုးစေ့များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# အာဆီယံကျေးရွာကွန်ရက် (ASEAN Village Network) မှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်သို့

ထူးမြတ်

**မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခေါင်းဆောင်များသည် သက်ဆိုင်ရာ နိုင်ငံအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီး၌ မူဝါဒပိုင်းဆိုင်ရာ၊ မဟာဗျူဟာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်၍ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးသည် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် တွေ့မြင်နိုင်ပါသည်။ ၂၀၃၀ ပြည့်နှစ်အမီ အောင်မြင်အောင် ဆောင်ရွက်ရမည့် ကမ္ဘာ့ကုလသမဂ္ဂမှချမှတ်ထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် (၁၇)ချက်(Sustainable Development Goals) တွင်လည်း ဆင်းရဲနွမ်းပါးမှုပပျောက်ရေးသည် ပထမဆုံး ဦးစားပေးဆောင်ရွက်ရမည့် ပန်းတိုင်တစ်ရပ်အဖြစ် ချမှတ်ထားရှိပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုအောက်ရှိ နိုင်ငံများအားလုံး၏ စုစည်းမှုအင်အားဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မီးမောင်းထိုးပြသပြီးဖြစ်ပါသည်။**

မိမိတို့ မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ ၅၄ သန်းကျော်ရှိသည့်အနက် နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်နေထိုင်လျက်ရှိသော ကျေးရွာပေါင်း ၆၄၀၀၀ ခန့်တည်ရှိရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ အဆိုပါ ကျေးရွာများရှိ ကျေးလက်နေပြည်သူများအား ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်အောင် ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာပြီး နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်သို့ အလျင်အမြန်ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နှင့် မြို့ပြအကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြားတွင် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် လျော့ကျစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအား နိုင်ငံအဆင့်ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ်ချမှတ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား အခြေခံကာ ပြည်သူဗဟိုပြုချဉ်းကပ်မှုနည်းလမ်းများဖြင့် ဘက်စုံကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**ကျေးရွာများအားလုံး အပြန်အလှန်ချိတ်ဆက်ကာ ဆောင်ရွက်နိုင်ရေးမှာ အဓိကအရေးကြီးလှ**

အာဆီယံဒေသတွင်းရှိ ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်ချက်များကို လေ့လာကြည့်မည်ဆိုလျှင်လည်း ကျေးလက်ဒေသမရှိသော စင်ကာပူနိုင်ငံမှ အပ ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံ အသီးသီးတွင် ကျေးလက်ဖွံ့ဖြိုးရေးအား နိုင်ငံ့ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် စုစုပေါင်း ကျေးရွာ ၃၁၇၀၀၀ ခန့်ရှိရာ ဘရူနိုင်းနိုင်ငံတွင် ကျေးရွာပေါင်း ၄၀၀ ကျော်ခန့်၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျေးရွာပေါင်း ၁၄၀၀၀ ကျော်ခန့်၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျေးရွာပေါင်း ၇၅၀၀၀ ခန့်၊ လာအိုနိုင်ငံတွင် ကျေးရွာပေါင်း ၁၀၀၀၀ ကျော်ခန့်၊ မလေးရှားနိုင်ငံတွင် ကျေးရွာပေါင်း ၂၆၀၀၀ ကျော်ခန့်၊ ဖိလစ်ပိုင်နိုင်ငံတွင်ကျေးရွာပေါင်း ၄၂၀၀၀ ကျော်ခန့်၊ ထိုင်းနိုင်ငံတွင် ကျေးရွာပေါင်း ၇၅၀၀၀ ခန့်၊ ဗီယက်နမ်နိုင်ငံတွင် ကျေးရွာပေါင်း ၁၁၀၀၀ ကျော်ခန့်ရှိပြီး အာဆီယံဒေသအတွင်းရှိ စုစုပေါင်း လူဦးရေသန်း ၆၀၀ ကျော်ရှိသည့်အနက် လူဦးရေ သန်း ၃၀၀ ကျော်သည် အဆိုပါ ကျေးလက်ဒေသများတွင် ဖြန့်ကြက်နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့ များပြားကျယ်ပြန့်လှသော ကျေးလက်ဒေသများနှင့် ကျေးလက်နေပြည်သူများ ရှိသည့် အာဆီယံဒေသတွင် ကျေးလက် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည်ကို အထင်အရှား တွေ့မြင်နိုင်ပါသည်။ ထို့အတွက် သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းများမှာလည်း အတိုင်းအတာပမာဏကျယ်ပြန့်သည်နှင့်အမျှ ကိုင်တွယ်ဖြေရှင်းရမည့် စိန်ခေါ်မှုများမှာလည်း များစွာရှိနေဆဲဖြစ်ပါသည်။ အဆိုပါ ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ စိန်ခေါ်မှုများကို အောင်မြင်ကျော်လွှားနိုင်ရန်အတွက် အာဆီယံနိုင်ငံများ၏ကျေးရွာများအားလုံးမှ ကွန်ရက်သဖွယ် အပြန်အလှန်ချိတ်ဆက်ကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေးမှာ အဓိက အရေးကြီးလှပါသည်။




အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများကို တွေ့ရစဉ်။

မိမိတို့အာဆီယံဒေသတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များနှင့်အတူ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၂၅) (ASEAN Community Vision-2025) အား ရေးဆွဲချမှတ်ကာ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါပန်းတိုင်များတွင် ဖွံ့ဖြိုးရေးကဏ္ဍလုပ်ငန်းစဉ်များ ကျယ်ပြန့်စွာ ပါဝင်လျက်ရှိသည့်အလျောက် အဖွဲ့ဝင်နိုင်ငံအသီးသီးအား အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community)၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (ASEAN Political-Security Community)၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်း (ASEAN Socio-Cultural Community) စသည်ဖြင့် အာဆီယံအသိုက်အဝန်း မဏ္ဍိုင် (၃)ရပ်အောက်တွင် ဖွဲ့စည်း၍ သက်ဆိုင်ရာမဏ္ဍိုင်အလိုက် လမ်းပြမြေပုံများရေးဆွဲကာ မဟာဗျူဟာ လုပ်ငန်းစဉ်များအား တာဝန်ယူဆောင်ရွက်စေလျက်ရှိပါသည်။ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်း (ASEAN Socio- Cultural Community - ASCC)အောက်တွင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကအခြေခံ အုတ်မြစ်ဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုနွမ်းပါးမှုလျှော့ချရေးမှာ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပါဝင်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းစဉ်များအား အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASEAN Senior Officials Meeting on Rural Development and Poverty Eradication- SOMRDPE) အဖြစ် စုဖွဲ့ထားရှိသော အဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာအစိုးရဌာနများမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များနှင့်အညီ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ၏ အဓိကအခြေခံမှုဖြစ်သည့် ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျ ကျန်ရှိမနေစေရေး (No One Left Behind) မူနှင့်အညီ နိုင်ငံတော်အဆင့်မှသည် အောက်ခြေကျေးရွာအဆင့်ရှိ ပြည်သူလူထုအားလုံး ပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ဖော်ဆောင်နိုင်ရန် အရေးကြီးလှပါသည်။ ထို့ကြောင့် နိုင်ငံတော်အဆင့် စီမံကိန်းအစီအစဉ်များအဖြစ်သာမက ကျေးရွာအဆင့် စီမံကိန်းအစီအစဉ်များအဖြစ် ရေးဆွဲဆောင်ရွက်နိုင်မည့် ချဉ်းကပ်မှုနည်းလမ်းပုံစံအား ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များအား အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် ဒုတိယအကြိမ်မြောက် အစည်းအဝေး" တွင် ထုတ်ပြန်သည့် ပူးတွဲကြေညာစာတမ်းအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးမှ သဘောတူညီခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များကို ကျေးရွာအဆင့်စီမံကိန်းများအဖြစ် အသွင်ကူးပြောင်း၍ ကျေးလက်ဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာ၌ မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသတွင်းနိုင်ငံများ၏ လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများမှာ မြို့ပြနှင့်ကျေးလက်အကြား လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုကွာဟချက် မြင့်မားလျက်ရှိခြင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှု လိုအပ်ချက်များရှိခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ လက်လှမ်းမီနိုင်မှု အားနည်းခြင်း၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှု အားနည်းခြင်း၊ ထိခိုက်လွယ်အုပ်စုများနှင့် ချန်လှပ်ခြင်းခံအုပ်စုများအား ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် ပါဝင်လာနိုင်အောင် ပံ့ပိုးမှု လိုအပ်ခြင်းများ ရှိနေဆဲဖြစ်ပါသည်။ အဆိုပါ စိန်ခေါ်မှု အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် အာဆီယံဒေသအဆင့်၊ နိုင်ငံတော်အဆင့်မှ ချမှတ်ထားသော မူဝါဒအစီအစဉ်များနှင့်အညီ လက်တွေ့မြေပြင်တွင် ချိတ်ဆက်ဆောင်ရွက်နိုင်စေရေး၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြား ဖွံ့ဖြိုးရေး အလေ့အကျင့်ကောင်းပုံစံများ မျှဝေဖလှယ်နိုင်စေရေး၊ လိုအပ်သော နည်းပညာ၊ ငွေကြေးအကူအညီများ ထောက်ပံ့ပေးနိုင်စေရေးအတွက် အစိုးရအဖွဲ့အစည်းများသာမက ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကျေးလက်ပြည်သူလူထုကိုယ်တိုင်နှင့် အခြားသက်ဆိုင်သူများ အားလုံး၏ ဟန်ချက်ညီညီ ပူးပေါင်းအားထုတ်မှုမှာ အရေးကြီးလှပါသည်။ အထူးသဖြင့် မြေပြင်ဖွံ့ဖြိုးရေး အခြေအနေ၊ အခက်အခဲစိန်ခေါ်မှုများကို ကိုယ်တိုင်သိရှိနားလည်၍ ရှေ့တန်းမှ တာဝန်ယူဖြေရှင်းနိုင်သည့် ကျေးလက်နေပြည်သူများ ကိုယ်တိုင်ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရန်လည်း အရေးပါလှပါသည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ် မေလက အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၄၂) ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများအားလုံး၏ ကျေးရွာများအချင်းချင်း၊ ကျေးလက်ပြည်သူများအချင်းချင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်မည့် အာဆီယံကျေးရွာကွန်ရက် (ASEAN Village Network) ထူထောင်ရေး အစီအစဉ်အား အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါအစီအစဉ်အား စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ကျေးရွာအဆင့်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစီမံချက်များ ရေးဆွဲဖော်ထုတ်နိုင်ရန် **"အာဆီယံကျေးရွာ ကွန်ရက်ထူထောင်ရေး ပထမအကြိမ်မြောက် အစည်းအဝေး ( 1ST ASEAN Village Network Meeting)"** ကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျာကာတာမြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ (SOMRDPE)၊ တီမောလက်စ်တေနိုင်ငံမှ လေ့လာသူအဖြစ်လည်းကောင်း၊ အာဆီယံကျေးရွာကွန်ရက် ထူထောင်ရေးအတွက် ရွေးချယ်ထားရှိသည့် ကျေးရွာများမှ ကိုယ်စားလှယ်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများတက်ရောက်ကြရာ *စာမျက်နှာ ၁၁ သို့*

**❖ စိန်ခေါ်မှုအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် အာဆီယံဒေသအဆင့်၊ နိုင်ငံတော်အဆင့်မှ ချမှတ်ထားသော မူဝါဒအစီအစဉ်များနှင့်အညီ လက်တွေ့မြေပြင်တွင် ချိတ်ဆက်ဆောင်ရွက်နိုင်စေရေး၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြား ဖွံ့ဖြိုးရေး အလေ့အကျင့်ကောင်းပုံစံများ မျှဝေဖလှယ်နိုင်စေရေး၊ လိုအပ်သော နည်းပညာ၊ ငွေကြေးအကူအညီများ ထောက်ပံ့ပေးနိုင်စေရေးအတွက် အစိုးရအဖွဲ့အစည်းများသာမက ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကျေးလက်ပြည်သူလူထုကိုယ်တိုင်နှင့် အခြားသက်ဆိုင်သူများအားလုံး၏ ဟန်ချက်ညီညီ ပူးပေါင်းအားထုတ်မှုမှာ အရေးကြီးလှ**

**◆ အာဆီယံကျေးရွာကွန်ရက်သည် မြန်မာနိုင်ငံတွင်သာမက အာဆီယံဒေသအတွင်း ပထမဆုံးထူထောင်သည့် ကွန်ရက်တစ်ခုဖြစ်သည့်အားလျော်စွာ ကျေးလက်ပြည်သူများ၏အသံ (Rural Voice) အား ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်၊ အာဆီယံဒေသအဆင့်အထိ ကြားနာသိရှိ ဖော်ထုတ်နိုင်စေရန် ဆောင်ရွက်သွားမည်**

*စာမျက်နှာ ၁၀ မှ*

မြန်မာနိုင်ငံ၏ အာဆီယံ SOMRDPE ပင်မဌာနအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အရာထမ်း နှစ်ဦးနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သော်မှော်ကုန်း ကျေးရွာမှ ကျေးရွာကိုယ်စားလှယ် တစ်ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာမှ ကျေးရွာကိုယ်စားလှယ် တစ်ဦး စုစုပေါင်း လေးဦးပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်၍ ASEAN Village Network ထူထောင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

**အာဆီယံကျေးရွာကွန်ရက် (ASEAN Village Network) ဆိုသည်မှာ**

အာဆီယံကျေးရွာကွန်ရက် (ASEAN Village Network) ဆိုသည်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ ကျေးရွာအုပ်စုများ၊ ကျေးရွာများ၊ ကျေးရွာအဖွဲ့အစည်းများအားလုံးပါဝင်၍ သက်ဆိုင်ရာ နိုင်ငံအလိုက် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၊ ကျေးရွာတစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်ငန်းများ အချင်းချင်းပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်စေမည့် ကွန်ရက်တစ်ခုဖြစ်ပါသည်။ အဆိုပါ ကွန်ရက်တွင် အဖွဲ့ဝင်နိုင်ငံများ၏ ကျေးလက်ဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသည့် ပင်မအစိုးရဌာနများက မူဝါဒပိုင်း၊ မဟာဗျူဟာပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံကြီးကြပ်ရေးအခန်းကဏ္ဍမှ ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**အာဆီယံကျေးရွာကွန်ရက် (ASEAN Village Network) တွင် ပါဝင်သည့် စီမံကိန်းများ**

အာဆီယံကျေးရွာကွန်ရက် (ASEAN Village Network) တွင် ကျေးလက်အသေးစား၊ အလတ်စား စီးပွားရေးဖွံ့ဖြိုးမှုကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ရာ မီးခိုးမထွက်သည့်လုပ်ငန်းဖြင့် ကျေးလက်ဝင်ငွေတိုးပွားစေနိုင်သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကျေးရွာစီမံကိန်း၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများဆောက်လုပ်ပေး၍ ကျေးလက်ဖွံ့ဖြိုးရေးကို ဖော်ဆောင်နိုင်မည့် ဒစ်ဂျစ်တယ်ကျေးရွာစီမံကိန်း၊ ကျေးလက်ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးမည့် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးစီမံကိန်း (One Village One Product) တို့ ပါသည်။ အဆိုပါ စီမံကိန်းများကို အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ ကျေးရွာသုံးရွာစီ၌ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ သုံးနှစ်တာကာလ စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာအား ခရီးသွားလုပ်ငန်း ကျေးရွာအဖြစ်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာအား ဒစ်ဂျစ်တယ်ကျေးရွာအဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာအား ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး ကျေးရွာအဖြစ်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အာဆီယံကျေးရွာကွန်ရက်၏ အဓိက အထောက်အကူပြုလုပ်ငန်းအစီအစဉ် (၂) ရပ်**

ထို့ပြင် အာဆီယံကျေးရွာကွန်ရက်အား ရေရှည်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဓိကအထောက်အကူပြု လုပ်ငန်းအစီအစဉ် (Enablers) (၂) ရပ်မှာ သင်ယူရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Learning and Collaborative Forum) နှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ် (Counterpart Programme) တို့ ပါဝင်ပါသည်။ သင်ယူရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ဖော်ပြပါ စီမံကိန်းသုံးခုမှ ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲလုပ်ငန်းများမှ ရရှိလာသော အတွေ့အကြုံသင်ခန်းစာများ၊ အလေ့အကျင့်ကောင်းပုံစံများနှင့် အသိအမြင်များအား အဖွဲ့ဝင်နိုင်ငံများ၏ ကျေးရွာများအကြား မျှဝေဆွေးနွေးဖလှယ်နိုင်မည့် အစီအစဉ်များ ပါဝင်ပါသည်။ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်တွင် စီမံကိန်းလုပ်ငန်းများ ထိရောက် အောင်မြင်နိုင်ရေးအတွက် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များကို ဖြည့်တင်းပေးနိုင်ရန် အာဆီယံဆွေးနွေးဖက်နိုင်ငံများ၊ ASEAN SOMRDPE+3 နိုင်ငံများ၊ International Fund for Agriculture Development (IFAD) နှင့် Asian Development Bank (ADB) တို့ အပါအဝင် အာဆီယံမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ရှေ့ဆက်ဆောင်ရွက်သွားမည့် ကျေးရွာအဆင့်အစီအစဉ်များ**

အာဆီယံအဖွဲ့ဝင်နိုင်ငံ အသီးသီးရှိ ကျေးရွာသုံးရွာစီ၌ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍ၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးကဏ္ဍဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ် အထိ သုံးနှစ်တာကာလ စီမံချက်ဖြင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်-

**(က) ခရီးသွားလုပ်ငန်းကျေးရွာစီမံကိန်း (Tourism Village Project)**

- ❖ ကျေးရွာအတွင်း လူထုအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းညွှန်ချက်များနှင့် စံနှုန်းများရေးဆွဲဆောင်ရွက်ခြင်း၊
- ❖ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်လူထု၏ အသိပညာ ဗဟုသုတများ မြင့်မားစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊
- ❖ အာဆီယံဒေသတွင်း ခရီးသွားကျေးရွာများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ခရီးသွားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ခြင်း၊
- ❖ ခရီးသွားလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုများ ရရှိစေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊
- ❖ ခရီးသွားနေရာများနှင့် ကျေးရွာထုတ်ကုန်ပစ္စည်းများအား လူသိများနာမည်ကျော်ကြားစေရေးနှင့် ဈေးကွက်ရရှိစေရေးအတွက် အွန်လိုင်းစနစ်အသုံးပြုခြင်း။

**(ခ) ဒစ်ဂျစ်တယ်ကျေးရွာစီမံကိန်း (Digital Village Project)**

- ❖ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒစ်ဂျစ်တယ်စနစ် အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရန်အတွက် ကျား/မရေးရာ အခန်းကဏ္ဍကိုပါ ထည့်သွင်းစဉ်းစား၍ လမ်းညွှန်ချက်များ၊ စံနှုန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊
- ❖ ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းနှင့် သတင်းအချက်အလက်များ မျှဝေဖလှယ်နိုင်ရေး ဒေသတွင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊
- ❖ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရေးအတွက် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ကျေးရွာထုတ်ကုန်များအတွက် အွန်လိုင်းအခြေပြုဈေးကွက် application တစ်ခုအား ထူထောင်ခြင်း၊
- ❖ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် e-commerce ကဏ္ဍများအတွက် ဒစ်ဂျစ်တယ်နည်းပညာများ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

**(ဂ) ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး စီမံကိန်း (One Village One Product-OVOP Project)**

- ❖ ကျေးရွာထုတ်ကုန်များ ဖွံ့ဖြိုးရေးအတွက် လိုအပ်သောလမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များ ဖော်ထုတ်ရေးဆွဲခြင်းနှင့် ဈေးကွက်တင်ပို့ရန် အလားအလာရှိသည့် ထုတ်ကုန်များနှင့် လုပ်ငန်းများအား စိစစ်ရွေးချယ်ခြင်း၊
- ❖ ကျေးရွာထုတ်ကုန်များ၏ အရည်အသွေး၊ ဒီဇိုင်း၊ ထုပ်ပိုးမှုနှင့် ဈေးကွက်ရှာဖွေရေး နည်းဗျူဟာများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဆောင်ရွက်ခြင်း၊
- ❖ ဒေသတွင်းနှင့် နိုင်ငံတကာကုန်စည်ပြပွဲများ၊ ဒစ်ဂျစ်တယ်နှင့် e-commerce စီးပွားရေးစနစ်များမှတစ်ဆင့် ကျေးရွာထုတ်ကုန်များ ဈေးကွက်ရရှိနိုင်ရေးနှင့် အရင်းအမြစ်များ စုစည်းနိုင်ရေးအတွက် သက်ဆိုင်သူအားလုံး ပါဝင်သည့် ဒေသတွင်း ဖိုရမ်များကျင်းပခြင်း၊
- ❖ OVOP ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် အာဆီယံဒေသတွင်း OVOP လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများ နှီးယှဉ်လေ့လာ၍ အလေ့အကျင့်ကောင်းပုံစံများအား ရယူဆောင်ရွက်ခြင်း။

အာဆီယံကျေးရွာ ကွန်ရက်ထူထောင်ရေး ပထမအကြိမ်မြောက်အစည်းအဝေး ( 1st ASEAN Village Network Meeting) တွင် အာဆီယံနိုင်ငံများရှိ ကျေးရွာအဆင့်၌ အကောင်အထည်ဖော်သွားမည့် အထက်ဖော်ပြပါ လုပ်ငန်းစဉ်များအား အားလုံးဝိုင်းဝန်းဆွေးနွေး ဖော်ထုတ်နိုင်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ထပ်မံဖြည့်စွက်အကြံပြုချက်တစ်ရပ်အနေဖြင့် ကျေးလက်အသက်မွေးဝမ်းကျောင်း၏ မူလသဘောသဘာဝအရလုပ်ငန်း အမျိုးအစားများ ကျယ်ပြန့်စွာပါဝင်သည့်အလျောက် ASEAN Village Network တွင် ပါဝင်သော ကဏ္ဍ(၃) ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်း၊ ဒစ်ဂျစ်တယ်လုပ်ငန်းနှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး လုပ်ငန်းများအပြင် ဒေသထွက်ကုန်များကိုအခြေခံသည့်ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေတိုးလုပ်ငန်းများကိုလည်း အဓိကထည့်သွင်း ဆောင်ရွက်သင့်သည်ဖြစ်ရာ နောက်ထပ်ကဏ္ဍ တစ်ရပ်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍကိုပါထည့်သွင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးပြောကြားခဲ့ရာ ဖိလစ်ပိုင်နိုင်ငံကိုယ်စားလှယ်က ထောက်ခံခဲ့ပါသည်။

အာဆီယံကျေးရွာကွန်ရက်သည် မြန်မာနိုင်ငံတွင်သာမက အာဆီယံဒေသအတွင်း ပထမဆုံး ထူထောင်သည့် ကွန်ရက်တစ်ခုဖြစ်သည့် အားလျော်စွာ ကျေးလက်ပြည်သူများ၏အသံ (Rural Voice) အား ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်၊ အာဆီယံဒေသအဆင့်အထိ ကြားနာသိရှိ ဖော်ထုတ်နိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါ ကွန်ရက်မှတစ်ဆင့် အာဆီယံနိုင်ငံများအကြား ကျေးရွာအသေးစား၊ အလတ်စားစီးပွားရေး လုပ်ကိုင်သူများအနေဖြင့် အချင်းချင်း အသိပညာဖလှယ်ကာ စီးပွားရေးအမြင်များ ပွင့်လာနိုင်ပြီး အသေးစား၊ အလတ်စားလုပ်ငန်းအဆင့်မှ စီးပွားဖြစ်လုပ်ငန်းအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် မြို့ပြဒေသများသာမက ကျေးလက်တောရွာများပါ ဒစ်ဂျစ်တယ် နည်းပညာခေတ်ရေစီးကြောင်းအပေါ် ဟန်ချက်ညီညီ လိုက်ပါစီးမျောနိုင်မည်ဖြစ်ပြီး ကျေးလက်လူမှု စီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာအား လက်လှမ်းမီ အသုံးချနိုင်မည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ၏ မူလရည်မှန်းချက်ဖြစ်သော အားလုံးပါဝင်သည့် ဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာတွင် အစိုးရအဖွဲ့အစည်းတစ်ခုတည်းမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်တစ်ရပ်ဟု မှတ်ယူခြင်းမပြုဘဲ ပြည်သူလူထုအားလုံးတာဝန်ယူမှု၊ တာဝန်ခံမှုအသိတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။ အဆိုပါ ပန်းတိုင်များ အောင်မြင်နိုင်ရေးအတွက် မဟာဗျူဟာမြောက် ချဉ်းကပ်မှုအစီအစဉ်တစ်ရပ်အဖြစ် စတင်ပေါ်ပေါက်လာသော အာဆီယံကျေးရွာကွန်ရက်အား ဆက်လက်အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့်လည်း ကျေးလက်ပြည်သူလူထု၊ သက်ဆိုင်သူများအားလုံးနှင့်အတူ စုပေါင်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။


ရည်ညွှန်းကိုးကားချက် -

- ASEAN Leaders Joint Statement on the Establishment of an ASEAN Villages Network (https://asean.org/wp-content/uploads/2023/05/12-ASEAN-Leaders-JS-on-ASEAN-Villages-Network_adopted.pdf)
- ASEAN Village Network Framework approved at 1st ASEAN Village Network Meeting held in Indonesia on 25th July,2023 (https://www.youtube.com/watch?v=A8aMe3BcyFM)
- ASEAN Rural Population and Villages (https://data.worldbank.org/indicator/SP.RUR.TOTL.ZS)
(https://en.wikipedia.org/wiki/ASEAN)
- Joint Statement of the 2nd ASEAN Ministerial Dialogue on Accelerating Actions to Achieve the Sustainable Development Goals (https://asean.org/wp-content/uploads/2023/05/Joint-Statement-of-the-2nd-ASEAN-Ministerial-Dialogue-on-SDGs-FINAL.pdf)

# ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကား၊ လာရောက်ဖူးမြော်သူ ရဟန်း၊ ရှင်လူ ပြည်သူများအား အခမဲ့ဝင်ရောက်ခွင့်ပေးမည်

နေပြည်တော် စက်တင်ဘာ ၁

**ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။**



ထိုသို့ အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်း၊ ရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိ တိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယ ကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံ စေတီတော်များ အပါအဝင် အခြားဘာသာရေး ဆိုင်ရာ အဆောက်အဦများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ ဆရာတော်ကြီး အမှူးပြုသည့် အလှူရှင်များက ငွေကျပ်သိန်း ၂၄၀၀ လှူဒါန်းမှုအပါအဝင် အခြားသော ဘုရားဖူးလာပြည်သူများက ကြည်မညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရွှင်လန်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေး အတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် သက်ကြီးဘိုးဘွားများအား အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူပြည်သူများ အသက်သာဆုံးဖြစ်စေရေးအတွက် ဝင်ရောက်သူအားလုံးကို အခမဲ့ဝင်ရောက်ခွင့်ပေးသွားမည် ဖြစ်ကြောင်း၊ စက်တင်ဘာ ၄ ရက်မှစတင်၍ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ချိန်တွင် ကင်မရာပါသည့် ဖုန်း၊ အခြား ဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာ ရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့် နှုန်းထားများဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ရပ်နားသည့် ကိုယ်ပိုင်ယာဉ်ငယ်များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းက သန်လျင်တပ်နယ် ရေကူးကန်၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ မီတာ ၅၀ ရင်ပေါ်တန်းကူးပြိုင်ပွဲ၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲနှင့် မီတာ(၅၀x၄) လက်ဆင့်ကမ်းအလွတ်ကူး ပြိုင်ပွဲများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ပြိုင်ပွဲဝင် အားကစားသမားများအား ကာကွယ်ရေး ဦးစီးချုပ်(ရေ)မှ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် တံခွန်စိုက် ဒိုင်းဆုရရှိသော ရေတပ်လေ့ကျင့်ရေး ဌာနချုပ်အသင်းတို့အား ကာကွယ်ရေးဦးစီးချုပ် (ရေ)မှ တံခွန်စိုက် ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ရေကူးပြိုင်ပွဲ၌ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ယခင်နှစ် တပ်မတော် (ရေ) ၏ စံချိန်ကိုချိုး၍ အမှတ် (၄) ဗျူဟာစစ်ရေယာဉ်စု အသင်းမှ တပ်သား ဖွဲ့ကျော်ထူးသည် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ကာကွယ်ရေး ဦးစီးချုပ် (ရေ) က ပြိုင်ပွဲဝင် အားကစားသမားများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအားပေး စကား ပြောကြားရာတွင် တပ်မတော်(ရေ) ရေကူးအသင်းအနေဖြင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျစုဖွဲ့လေ့ကျင့်သွားကြရန်၊ လက်ရွေးစင်အသင်းအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုများ ရရှိစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် ရေကူးအားကစားသမားများအဖြစ် ပေါ်ထွန်းလာစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်သွားကြရန် မှာကြားသည်။

အဆိုပါ ရေကူးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကွပ်ကဲမှုအောက်ရှိ ရေတပ်စခန်း ဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဩဂုတ် ၃၀ ရက်မှ စတင် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော MG MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ရှစ်စီးနှင့် MG ZS အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်နှစ်စီးသည် ရန်ကုန်ဆိပ်ကမ်းသို့လည်းကောင်း၊ Aung Kan Bo Motorcycle Industrial Co., Ltd. က တင်သွင်းလာသော Kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၁၀၂၄ စီးသည် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့လည်းကောင်း ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း အဆိုပါ




လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ ဝါသီးနှံ ၈၈၉၃ ဧက စိုက်ပျိုးပြီးစီး

**တပ်ကုန်း စက်တင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံစိုက်တောင်သူများနှင့်ပူးပေါင်းပြီး စနစ်တကျစိုက်ပျိုးလျက်ရှိရာ ၂၀၂၃ ခုနှစ် မိုးကြိုနှင့်မိုးရာသီများတွင် ဝါသီးနှံ လျာထားစိုက်ဧက ၉၇၀၀ အနက် ၈၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ တပ်ကုန်းမြို့နယ်၌ ဝါသီးနှံစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရွှေတောင်(၈)၊ ရွှေတောင်(၁၀)၊ ငွေချည်(၁၁)နှင့် တစ်ပင် ဝါမျိုးများ အဓိကထားစိုက်ပျိုးကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲရေး၊ သဘာဝမှိုသတ်ဆေးများ၊ ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေးနှင့် သတ်မှတ်အထွက်နှုန်း ပြည့်မီစေရေး နည်းပညာများ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**



ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကို ဩဂုတ် ၂၂ ရက်က ဒွန်းမောင်းလေဆိပ်တွင် တွေ့ရစဉ်။

# ထိုင်းဘုရင်က ဝန်ကြီးချုပ်ဟောင်း သက်ဆင်ကို ထောင်ဒဏ်တစ်နှစ်သို့ ပြစ်ဒဏ်လျှော့ပေါ့ပေး

**ဘန်ကောက် စက်တင်ဘာ ၁**

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကို ထောင်ဒဏ်ရှစ်နှစ်မှ ထောင်ဒဏ်တစ်နှစ်သို့ ထိုင်းဘုရင်က ပြစ်ဒဏ်လျှော့ပေါ့ပေးခဲ့သည်ဟု စက်တင်ဘာ ၁ ရက်တွင် ကြေညာခဲ့သည်။ အသက် ၇၄ နှစ်အရွယ် ဝန်ကြီးချုပ်ဟောင်းသက်ဆင်မှာ ၎င်း၏ပြည်ပသို့ ၁၅ နှစ်ကြာ ထွက်ပြေးနေမှုကို အဆုံးသတ်ခဲ့ပြီး ပြီးခဲ့သည့် ၁၀ ရက်ခန့်က ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

သို့သော်လည်း ပြန်ရောက်လာပြီး မကြာမီတွင် ဖမ်းဆီးထိန်းသိမ်းခံရပြီး ထောင်ဒဏ်ရှစ်နှစ်ချမှတ်ခံရမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုင်းဘုရင် မဟာဝဇီရာလောင်ကွန်းထံ တော်ဝင်လွတ်ငြိမ်းချမ်းသာခွင့်အတွက် သက်ဆင်က အသနားခံခဲ့ပြီးနောက် ယခုလို လျှော့ပေါ့ပေးလိုက်ခြင်းဖြစ်သည်ဟု တော်ဝင်ဂေဇက်က သောကြာနေ့တွင် ထုတ်ပြန်ခဲ့သည်။

သက်ဆင်သည် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က တိုင်းပြည်နှင့်ပြည်သူအတွက် အကျိုးပြုခဲ့ကြောင်း၊ ၎င်းသည် ၎င်း၏ပြစ်မှုကို လက်ခံခဲ့ပြီး နောင်တရကြောင်း ပြသခဲ့သည်ဟု တော်ဝင်အမိန့်တော်တွင် ဖော်ပြထားသည်။ ၎င်းမှာ ယခုအခါ နေမကောင်းဖြစ်နေပြီး ဆေးကုသမှုခံယူရန် လိုအပ်သည်ဟုလည်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံသို့ သက်ဆင်ပြန်ရောက်လာလျှင်လာချင်းမှာပင် ၎င်းကို ဘန်ကောက်အကျဉ်းထောင်သို့ လွှဲပြောင်းပေးခဲ့ပြီး ထိုမှတစ်ဆင့် ကျန်းမာရေးအခြေအနေကြောင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ သက်ဆင်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှစတင်ကာ ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။

**ဆင်ဟွာ**

# ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ကိုးသိန်းကျော်ဝင်ရောက်လာ

**ကိုလံဘို စက်တင်ဘာ ၁**

ယခုနှစ်အတွင်း ဩဂုတ် ၃၀ ရက်အထိ သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ကိုးသိန်းကျော် ဝင်ရောက်ခဲ့ကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအာဏာပိုင်က ထုတ်ပြန်သည့် နောက်ဆုံးစာရင်းအချက်အလက်များအရ သိရသည်။

ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၉၀၀၇၀၈ ဦးလာရောက်လျက်ရှိပြီး အဆိုပါ ပမာဏမှာ ၂၀၂၂ ခုနှစ် တစ်နှစ်တာလုံးရောက်ရှိသည့် စုစုပေါင်းခရီးသည် ၇၁၉၉၇၈ ဦးထက် တိုးလာခြင်းဖြစ်ကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအာဏာပိုင်က ထုတ်ပြန်ထားသည်။

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၂၀၂၃ ခုနှစ်အတွင်း လာရောက်လည်ပတ်သူ နှစ်သန်းကို ဆွဲဆောင်ရန် ရည်မှန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**



# တောင်ကိုရီးယားနိုင်ငံ အများသုံးရေချိုးခန်းတွင် မီးလောင်ပြီး ပေါက်ကွဲမှုဖြစ်ပွားရာ ၂၁ ဦး ဒဏ်ရာရ

**ဆိုးလ် စက်တင်ဘာ ၁**

တောင်ကိုရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းမြို့ဖြစ်သည့် ဘူဆန်တွင် အများသုံးရေချိုးခန်းတစ်ခု စက်တင်ဘာ ၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲခဲ့ရာ ၂၁ ဦး ဒဏ်ရာ ရရှိခဲ့သည်ဟု ယွန်ဟပ် သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ ဘူဆန်မြို့ လေးထပ် အဆောက်အအုံရှိ အများသုံးရေချိုးခန်းတွင် မွန်းလွဲ ၁ နာရီ ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားသည်။

မီးသတ်သမားများက နောက်ပိုင်းတွင် မီးလောင်မှုကို ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာနေရာတွင် ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ပြီး မီးသတ်သမားရှစ်ဦး၊ ရဲသုံးဦး၊ ပြည်သူ့ဝန်ထမ်း ခြောက်ဦးနှင့် အရပ်သား လေးဦးတို့ ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအနက် မီးသတ်သမားနှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိသည်။



တောင်ကိုရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘူဆန်မြို့ရှိ အများသုံးရေချိုးခန်းတစ်ခု၌ စက်တင်ဘာ ၁ ရက်က မီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

ရေချိုးခန်းသို့ လာရောက်သည့်ဧည့်သည်တစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်းမရှိဟု သိရသည်။ ပေါက်ကွဲမှုကြောင့် အများသုံးရေချိုးခန်း၏ နံရံများပြိုကျခဲ့ပြီး မီးလောင်မှု လျင်မြန်စွာပျံ့နှံ့သွားခဲ့သည်။ အနီးနားရှိ နေအိမ်များနှင့် အဆောက်အအုံများမှာလည်း ပြတင်းပေါက်များ ကျိုးပျက်မှုနှင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းကို ရဲများနှင့် မီးသတ်သမားများက စုံစမ်းစစ်ဆေးနေကြသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းမုန်တိုင်း ဆာအိုလာကြောင့် လူ ၃၈၇၂၄၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့

**မနီလာ စက်တင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံတွင် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည့် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဆာအိုလာကြောင့် နိုင်ငံတစ်ဝန်းတွင် အနည်းဆုံး လူတစ်ဦးသေဆုံးခဲ့ပြီး ၃၈၇၂၄၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း အစိုးရက စက်တင်ဘာ ၁ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

အမျိုးသား သဘာဝဘေးအန္တရာယ် လျှော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက လူပေါင်း ၂၁၀၀၀ ထက်မနည်း ယာယီနားခိုရာစခန်းများတွင် နေထိုင်နေရကြောင်း ပြောသည်။

လွန်ခဲ့သော တနင်္ဂနွေနေ့မှစကာ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဆာအိုလာသည် ပိုမိုအင်အားကောင်းလာခဲ့ပြီး လူဇုံကျွန်းနှင့် ဖိလစ်ပိုင်အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပွားခဲ့သည်။

ယခုသီတင်းပတ်တွင် ဆာအိုလာ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံမှ ထွက်သွားသော်လည်း မိုးရွာသွန်းခြင်းများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ထို့ကြောင့် မြို့တော်မနီလာအပါအဝင် ဒေသအတော်များများတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် စက်တင်ဘာ ၁ ရက်က တိုင်ဖွန်းမုန်တိုင်းအဖြစ် အင်အားကောင်းလာသော အပူပိုင်းမုန်တိုင်းငယ် ဟာအီကူအီသည် အနောက်တောင်မုတ်သုံလေကို ပိုမိုအင်အားကောင်းလာစေသောကြောင့် သီတင်းပတ်ကုန်တွင်မိုးပိုမိုရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနက ပြောသည်။ **ဆင်ဟွာ**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သင်တန်းဆိုင်ရာအတွေ့အကြုံများမျှဝေခြင်း အခမ်းအနား (၁၄/၂၀၂၃) ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ သင်တန်းဆိုင်ရာအတွေ့အကြုံများမျှဝေခြင်း (Knowledge Sharing) အခမ်းအနား (၁၄/၂၀၂၃) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် ဒေါက်တာလင်းအောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။



သင်တန်းဆိုင်ရာအတွေ့အကြုံများ မျှဝေခြင်း (Knowledge Sharing) အခမ်းအနား (၁၄/၂၀၂၃) တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဘဏ်ကြီးကြပ်စစ်ဆေးသူများအတွက် နေ့စဉ်ပြောင်းလဲတိုးတက်လာနေသော IT နည်းပညာအရ Digital ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၊ ချေးငွေများနှင့်ရင်းနှီးမြှုပ်နှံမှုများကြပ်မတ်ကွပ်ကဲခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းများလုပ်ဆောင်ရာတွင် ဘာဆယ်ကော်မတီ (BASEL Committee)က ထုတ်ပြန်ထားသောဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအပေါ် အခြေခံထားသော ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးကြပ်မတ်ခြင်း၊ ဘဏ်များ၏ဆုံးရှုံးနိုင်ခြေကို ကာကွယ်ထိန်းသိမ်းပေးနိုင်ခြင်းဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို ရယူသုံးစွဲနေသော ပြည်သူများ၏ယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အရာထမ်းများအား ဆုံးရှုံးနိုင်ခြေအခြေခံသော ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ သိရှိစေရန်အတွက် ဗဟုသုတများကို မျှဝေခြင်းဖြင့် မိမိတို့အဖွဲ့အစည်းရှိ ဝန်ထမ်းများအတွက် များစွာ အကျိုးကျေးဇူး ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။(**အပေါ်ပုံ**)

ထို့နောက် "Risk-Based Supervision and Supervisory Review Process" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဒေါ်မြတ်သီတာမင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်အောင်ကျော်တို့က နိုင်ငံတကာ၌ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးခြင်းတွင် ကြီးကြပ်စစ်ဆေးသူများသည် ဆုံးရှုံးနိုင်ခြေကိုအခြေခံသည့် ကြီးကြပ်စစ်ဆေးခြင်းဖြင့် ဘာဆယ် (BASEL) ၏ မဏ္ဍိုင် ၂ ကို လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဆုံးရှုံးနိုင်ခြေကိုအခြေခံသော ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးခြင်းကို အသုံးပြုလျက်ရှိပြီး ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်ချက်ကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် မဏ္ဍိုင် ၂ ပါ ကြီးကြပ်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့်စပ်လျဉ်းသော လိုအပ်သည့်ညွှန်ကြားချက်များထုတ်ပြန်၍ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုပုံစံနှင့် ဌာနတွင်းကြီးကြပ်မှု၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအကဲဖြတ်ခြင်းတို့ကို အဆင့်မြှင့်တင်ခြင်းဖြင့် ဆုံးရှုံးနိုင်ခြေကိုအခြေခံသော ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးခြင်းကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာထမ်းများက အကြံပြုဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းပြီး ဥပဒေ၊ နည်းဥပဒေနှင့်အညီ လိုက်နာကျင့်သုံးကြရန် တိုက်တွန်း

**နေပြည်တော် စက်တင်ဘာ ၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကော်မရှင်ရုံးခွဲတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက သင်တန်းသားများ အနေဖြင့် သင်တန်းမှရရှိသည့် ဘာသာရပ်ဆိုင်ရာဗဟုသုတများ၊ အတွေ့အကြုံများနှင့် လုပ်ငန်းတာဝန်များကို စနစ်တကျ ပေါင်းစပ်ပြီး လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချသွားကြရန်၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်ရုံသာမက ဖြောင့်မတ်တည်ကြည်မှုရှိပြီး တာဝန်ယူ တာဝန်ခံမှုအပြည့်ဖြင့် ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အဂတိတရားကင်းရှင်းပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျဖြစ်စေရေး လိုက်နာကျင့်သုံးကြရန်၊ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကြိုးစားထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။ (**ယာပုံ**)



ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက သင်တန်းတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ ရရှိခဲ့ကြသည့် သင်တန်းသား သုံးဦးကို ဆုများ ချီးမြှင့်ပေးအပ်ပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးကိုကိုလွင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်သည်။

ယင်းသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က Myanmar Electronic Voting Machine (MEVM) စက်နှင့် ဝန်ကြီးဌာန အသီးသီးသို့ လိုက်လံရှင်းလင်းစမ်းသပ်မဲပေးစေခြင်းဖြင့် MEVM အသုံးပြုမဲပေးခြင်း လုပ်ငန်းစဉ်များကို မဲဆန္ဒရှင်ပြည်သူများ ပွင့်လင်းမြင်သာစွာ လက်တွေ့ကျကျသိရှိနားလည်ပြီး ပြည်သူအများ လက်ခံယုံကြည်သည့် ရွေးကောက်ပွဲများ ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။

ရှင်းလင်း ဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲသို့ အရာထမ်း၊ အမှုထမ်း ၁၆၈ ဦး တက်ရောက်ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)တွင် ယမန်နေ့က လူငယ်စကားဝိုင်းကျင်းပရာ ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာ လင်းထက်မြင့်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက စကားဝိုင်းကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက "မူးယစ်အန္တရာယ် လူ့ရန်စွယ်"၊ "ကျန်းမာဆောင်ရွက် အနာဂတ်အတွက်"၊ "အားမာန်ဝံ့ချီ ပညာ့ပန်းတိုင်ဆီ" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး) မြန်မာစာဌာနမှ ကထိက (ဌာနမှူး) ဒေါ်တင်သက်မော်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇာနည်ကိုကို**



## လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများတစ်ပြေးညီဖြစ်စေရေးဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

# အချိန်တိုအတွင်း သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုရလဒ်ကောင်းများရရှိအောင် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားမည်



နေပြည်တော် စက်တင်ဘာ ၁

**နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ဦးဆောင်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီ ဖြစ်စေရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၅.၁၂.၂၀၂၂) ရက်နေ့က ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ဒေသကြီးကြပ်ရေးအဖွဲ့များအနေဖြင့် အလေးထားကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီ ပြည့်စုံညီညွတ် မှန်ကန်စေရေး ဆောင်ရွက်ခဲ့သည့် ကိုးလတာ ကာလအတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခု၌ မြေပြင် ကွင်းဆင်းစစ်ဆေးမှု (၁၃) ကြိမ် ဆောင်ရွက်ခဲ့ပြီး လမ်းပိုင်း နေရာ (၅၀) ၌ Road Safety Audit ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် မြေပြင်တွင် အများစုလွဲမှား လေ့ရှိသည့် အချက် ၁၉ ချက်ကို အမြန်ဆုံးပြန်လည်ပြင်ဆင်ရမည့် အနိမ့်ဆုံး အခြေခံသတ်မှတ်ချက် များအဖြစ် သတ်မှတ်ဖော်ထုတ် ဖြန့်ဝေထားပြီးဖြစ်ရာ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသ ကြီးကြပ်ရေးအဖွဲ့များ အနေဖြင့် အလေးထား အကောင်အထည် ဖော် လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

ထို့ပြင် ဗဟိုကြီးကြပ်ရေးအဖွဲ့ အနေဖြင့် Road Safety Audit ကွင်းဆင်း စစ်ဆေးသုံးသပ်မှုများ ကို အခါအားလျော်စွာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထပ်မံ ဖော်ထုတ်တွေ့ရှိချက်များကိုလည်း ဆက်လက်၍ ဒေသကြီးကြပ်ရေး အဖွဲ့များသို့ ဖြန့်ဝေအကြောင်း ကြားသွားမည် ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေး နှစ် (၅.၁၂.၂၀၂၂) ရက်နေ့မှ (၁၅.၈.၂၀၂၃) ရက်နေ့အထိ ပြည် ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များ အလိုက် Road Safety Audit ဆောင်ရွက်မှု စုစုပေါင်း (၂၆၀၆) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး လမ်းညွှန်း ၁၈၀၀၈ ခု၊ အလျားလိုက်မျဉ်း အမှတ်အသား ၁၁၄၅ မိုင် ၄ ဖာလုံ၊ ကန့်လန့်ဖြတ်မျဉ်း အမှတ်အသား ၆၈၃ ခု၊ အခြားလမ်း အမှတ်အသား ၇၅၃၉ ခုနှင့် အချက်ပြ ၆၃၅ ခု ပြင်ဆင် ဆောင်ရွက်နိုင်ခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အသစ် ဆောင်ရွက်မှုများ အနေဖြင့် လမ်းညွှန်း ၁၄၅၉၀၊ အလျားလိုက် မျဉ်းအမှတ်အသား ၈၇၁ မိုင် ၇ ဖာလုံ၊ ကန့်လန့်ဖြတ်မျဉ်း အမှတ်အသား ၁၃၈၁ ခု၊ အခြား လမ်း အမှတ်အသား ၄၃၂၃ ခုနှင့် အချက်ပြ ၁၄၃ ခု ထပ်မံဆောင် ရွက်နိုင်ခဲ့ပါကြောင်း၊ ဒေသတစ်ခု ချင်းအလိုက် အကောင်အထည် ဖော် ဆောင်ရွက်မှုများအပေါ် သုံးသပ်ပါက အလေးထား ကြိုးပမ်း ဆောင်ရွက်ကြသော်လည်း တိုင်း ဒေသကြီး / ပြည်နယ် အသီးသီး တွင် အားနည်းချက်၊ လိုအပ်ချက် အချို့ ရှိနေသေးသည်ကို စိစစ် တွေ့ရှိရပါကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေ နေပြည်တော်၊ တိုင်း ဒေသကြီး/ပြည်နယ်များအနေဖြင့် အားနည်းချက်/ လိုအပ်ချက်များ အပေါ်၌ ယခုထက် ပိုမိုအားထုတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းကြရန် လိုအပ်ပါကြောင်း၊ ယခု လုပ်ငန်းစဉ် သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် ဖြစ်သည့်အပြင် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ် ကင်းရှင်းရေးကောင်စီ (NRSC) ၏ ရည်မှန်းချက်များကို တစ်ဖက်တစ်လမ်းမှ အထောက် အကူပြုသည့် လုပ်ငန်းစဉ်လည်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထက် ယခုဘဏ္ဍာ နှစ်၌ ပိုမိုအားစိုက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက် ကြရန် လိုအပ်ပါကြောင်း၊ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်၌ ခွင့်ပြုဘဏ္ဍာ ငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများ ပြည့်စုံမှန်ကန်စွာ အချိန်မီပြီးစီးရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြ စေလိုပါကြောင်း ဆွေးနွေးပြော ကြားသည်။

ယင်းနောက် ဗဟိုကြီးကြပ်ရေး အဖွဲ့အတွင်းရေးမှူး၊ ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဗဟို ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက် မှုများနှင့် (၅.၁၂.၂၀၂၂) မှ (၁၅.၈.၂၀၂၃) အထိ လုပ်ငန်းဆောင် ရွက်မှုများအပေါ် သုံးသပ်ချက် များကို လည်းကောင်း၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အင်ဂျင်နီယာမှူးကြီးက ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး (Road Safety)၌ လမ်းအန္တရာယ် ကင်းရှင်းရေး စိစစ်အကဲဖြတ်လုပ်ငန်း (Road Safety Audit)၏ အခန်းကဏ္ဍ အပေါ် လေ့လာတင်ပြချက်များက လည်းကောင်း PowerPoint Presentation ဖြင့် ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု နယ်မြေ နေပြည်တော်၊ တိုင်းဒေသ ကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ရန်ကုန်နှင့် မန္တလေး မြို့တော်ဝန်များနှင့် ဗဟိုကြီးကြပ် ရေး အဖွဲ့ဝင်များက လုပ်ငန်းဆောင် ရွက်မှုအခြေအနေများကို တင်ပြ ဆွေးနွေးကြပြီး ဒေသအလိုက် လမ်းပိုင်းအားလုံး၌ သတ်မှတ် ညွှန်ကြားချက်နှင့်အညီ လမ်းညွှန်း များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံ ညီညွတ်မှန်ကန်ရေး၊ ဒေသအလိုက် ဦးစားပေး လုပ်ငန်းစဉ်များကို ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အချိန်တို အတွင်း သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှု ရလဒ် ကောင်းများ ရရှိရေးတို့အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ် ချမှတ်ခဲ့ကြသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လမ်းညွှန်း များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့် စုံညီညွတ်မှန်ကန်ရေးလုပ်ငန်းစဉ် များသည် ပြည်သူအများစု၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကို အဓိကအထောက် အကူပြုလျက် ရှိသည့်အပြင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောင်းမွန်သည့် လူမှုပတ်ဝန်းကျင် တစ်ရပ်ကို ဖန်တီးဖော်ဆောင်ပေး ခြင်းလည်းဖြစ်ကြောင်း သိရှိရ သည်။

သတင်းစဉ်

## နိုင်ငံတော်အဆင့်လူရည်ချွန်များကို ကြိုဆိုဂုဏ်ပြုပွဲနှင့် လူရည်ချွန်အတွေ့အကြုံရှင်းလင်း

မူဆယ် စက်တင်ဘာ ၁

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် နိုင်ငံတော်အဆင့် လူရည်ချွန် ကျောင်းသား ကျောင်းသူ ၄၈၀ အနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၁) အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ သုံးဦး အား ကျောင်းအုပ်ဆရာမကြီးနှင့် တကွ ကျောင်းသား ကျောင်းသူ များက ဂုဏ်ပြုပန်းစည်းများ၊ ဂုဏ်ပြု လက်ဆောင်များဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး လူရည်ချွန် အတွေ့အကြုံ ရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ကျောင်း ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မူဆယ်မြို့နယ်မှ နိုင်ငံတော်အဆင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများ ဖြစ်ကြသည့် Grade-9 မှ မောင်သန်း ထိုက်စိုး၊ မလွေးအေးစန်းမွန်ဦး နှင့် Grade-10 မှ မောင်သာ ထက်စံတို့အား ကျောင်းအုပ် ဆရာမကြီးနှင့်တကွ ကျောင်း အကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများ၊ လက်ဆောင် ပစ္စည်းများဖြင့် ဂုဏ်ပြုကြိုဆို ခဲ့ကြပြီး လူရည်ချွန် ကျောင်းသား သုံးဦးတို့က နိုင်ငံတော်အဆင့် လူရည်ချွန်တစ်ယောက် ဖြစ်လာ အောင် ကြိုးစားအားထုတ်ခဲ့ရပုံ များ၊ လူရည်ချွန်ကျောင်းသား ကျောင်းသူများကို လေ့လာရေး ခရီးစဉ်အဖြစ် ပို့ဆောင်ပေးခဲ့သော ရှေးဟောင်းယဉ်ကျေးမှု ပုဂံမြို့၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလောမြို့များ၊ ပြတိုက်များ၊ တက္ကသိုလ်ကြီးများနှင့် လူရည်ချွန် စခန်းများမှ ရရှိခဲ့သော လူရည်ချွန် တစ်ယောက်၏ အခွင့်အရေး များနှင့် အတွေ့အကြုံများကို ကျောင်းသား ကျောင်းသူများ အား အနာဂတ်လူရည်ချွန်များ အဖြစ် ကြိုးစားချင်စိတ် ဖြစ်စေ ရန် ထပ်ဆင့်မျှဝေပြောကြား သည်။

နိုင်ငံတော်အဆင့် လူရည်ချွန် ရွေးချယ်ခြင်းကို ၂၀၁၃ ခုနှစ်တွင် ပြန်လည်ရွေးချယ်ခဲ့ပြီး မူဆယ် မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၁၃ ခုနှစ် မှ ၂၀၂၂ ခုနှစ်အထိ သုံးထပ်ကွမ်း လူရည်ချွန်လေးဦး၊ နှစ်ထပ် ကွမ်း လူရည်ချွန်နှစ်ဦးနှင့် တစ်ထပ်ကွမ်းလူရည်ချွန် ငါးဦးတို့ ပေါ်ထွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ပညာ သင်နှစ်တွင်လည်း တစ်ထပ်ကွမ်း လူရည်ချွန် သုံးဦးနှင့် အောင်- ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းမှ တစ်ထပ်ကွမ်း လူရည်ချွန် တစ်ဦး စုစုပေါင်းလေးဦး ထူးချွန် ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

မူဆယ်ခရိုင်(ပြန်/ဆက်)

## သာပေါင်းမြို့နယ်၌ ဝေန်မြစ်ပြင်ကျယ်အတွင်းသို့ ငါးသားပေါက်ကောင်ရေတစ်သိန်း ငါးမျိုးစိုက်ထည့်

သာပေါင်း စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ငါးသယံဇာတ တိုးပွား လာစေပြီး ပြည်သူများ ငါးရိက္ခာဖူလုံစေရေးနှင့် ငါးစားသုံးမှုမြင့်မား လာရေးတို့အတွက် ရည်ရွယ်၍ စက်တင်ဘာ ၁ ရက် က အမှတ်(၂) ရပ်ကွက် ကန္နားလမ်း မြို့တော်ခန်းမရှေ့ ဆိပ်ခံတံတားမှ သဘာဝရေပြင် ဝေန်မြစ်ပြင်ကျယ်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် တာဝန်ရှိသူများ က ငါးမြစ်ချင်း ၅၀၀၀၀၊ ထိုင်းငါးခုံးမကြီး ၅၀၀၀၀ ပေါင်း ငါးသားပေါက် ကောင်ရေ ၁၀၀၀၀၀ ကို သဘာဝရေပြင် ဝေန်မြစ်ပြင်ကျယ်အတွင်းသို့ စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

မျိုးဇော်သိန်း(ပြန်/ဆက်)





## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအုပ်စုအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအုပ်စုအတွင်းရှိ ဇီးဒဘန်ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ ဒေသခံပြည်သူ တစ်ဦး သေဆုံး၊ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ




**နေပြည်တော် စက်တင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာ ကျေးရွာအုပ်စု ဇီးဒဘန်ကျေးရွာအတွင်းသို့ TNLA အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ ဒေသခံပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၂ နာရီခန့်တွင် TNLA အဖွဲ့ဝင်များက နမ့်ဖတ်ကာကျေးရွာအုပ်စု၏ အနောက်မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လာလမ်းအတိုင်း ပြန်လည် ဆုတ်ခွာသွားခဲ့ကြောင်း၊ ၎င်းတို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာအုပ်စုအတွင်းရှိဇီးဒဘန်ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့ ဒေသခံပြည်သူ တစ်ဦး သေဆုံးခဲ့ကာ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကွတ်ခိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်နှင့် နမ့်ဖတ်ကာ ကျေးရွာအုပ်စုအတွင်း လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘူးသီးတောင်မြို့နယ် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါး ဆေးထိုးသားပေါက်ခြင်းနည်းပညာပေးသင်တန်းဖွင့်

**မောင်တော စက်တင်ဘာ ၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ဒေသတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးအတွက် အခြေခံငါးမွေးမြူရေးနှင့်ရေချိုငါးဆေးထိုးသားပေါက်ခြင်း နည်းပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကကျဘက် ကံပြင်ကျေးရွာရှိ ရေချိုငါးသားပေါက်စခန်း စခန်းရုံး၌ ပြုလုပ်သည်။



ရှေးဦးစွာ ဘူးသီးတောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက သင်တန်းဖွင့်လှစ်ပို့ချရခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေချိုငါးသားပေါက်စခန်း တာဝန်ခံ ဦးကျော်ဝင်းအောင်က စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးဆေးထိုးသားပေါက်ခြင်း နည်းပညာပေးသင်တန်းကို ကျေးရွာများရှိ ငါးမွေးတောင်သူ ၃၅ ဦး တက်ရောက်ကြောင်း သိရသည်။

သက်လွင်စိုး
ခရိုင်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Kay Khaing Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပန်းတော်ဆက်ကျေးရွာနေ ကေခိုင်စိုး(ခ)မဲလုံးအား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ “U Tin Lin Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပျော်ဘွယ်မြို့နယ် ကွေ့ကြီးကျေးရွာနေ တင်လင်းအောင်အား ည ၁၀ နာရီ ၅ မိနစ်အချိန်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကာရာဘောင်ဖလားပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်များ မဲခွဲထုတ်ပြန် လက်ရှိချန်ပီယံ မန်ယူက ပဲလေ့စ်နဲ့ တွေ့ဆုံ

ယခုနှစ်ရာသီအတွက် ကာရာဘောင်ဖလားပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တွေကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ပါတယ်။ နယူးကာဆယ်က ယမန်နှစ်က ဖလားသုံးလုံးချန်ပီယံ မန်စီးတီးအသင်းနဲ့ ရင်ဆိုင်သွားရမှာပါ။

ကာရာဘောင်ဖလားလက်ရှိချန်ပီယံ မန်ယူအသင်းက အိုးထရက်ဖို့ဒ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို ညှော်ခံယှဉ်ပြိုင် ကစားသွားရမှာ ဖြစ်တယ်။ ကာရာဘောင်ဖလားပြိုင်ပွဲ ဒုတိယအဆင့်မှာ ပယ်နယ်တီအဆုံးအဖြတ်နဲ့ ဖူလ်ဟမ်ကို ရှုံးနိမ့်ခဲ့တဲ့စပါးအသင်းကတော့ ဖလားတစ်လုံး လက်လွှတ်လိုက်ရပြီဖြစ်တယ်။ ဖူလ်ဟမ်အသင်းက တတိယအဆင့်မှာ ချန်ပီယံရှစ်ကလပ် နော့ဝှစ်အသင်းကို လက်ခံယှဉ်ပြိုင်ရမှာပါ။

အက်စ်တွန်ဗီလာက အဲဗာတန်၊ ဘရန့်ဖို့ဒ်က အာဆင်နယ်၊ ဘရိုက်တန်က ချယ်ဆီးစသဖြင့် ပရီမီယာလိဂ်အသင်းအချင်းချင်း တွေ့ဆုံနေတဲ့ပွဲစဉ်တွေ ပါဝင်နေတာတွေ့ရတယ်။

ကာရာဘောင်ဖလားပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တွေကို စက်တင်ဘာ ၂၅ ရက်မှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ၂၀၂၃-၂၀၂၄ ရာသီ ကာရာဘောင်ဖလားပြိုင်ပွဲကို ဩဂုတ် ၈ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ ယခုနှစ်ရာသီမှာ ကာရာဘောင်ဖလားကို ဆက်လက်ကာကွယ်သွားနိုင်မလား သို့တည်းမဟုတ် တခြားဘယ်အသင်းက ကာရာဘောင်ဖလားကို ဆွတ်ခူးသွားမလဲဆိုတာ စောင့်ကြည့်ရမှာပါ။

လင်းလက်ကြယ်

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ၃၇၃)**

**ပုသိမ်ခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅**

**ကွယ်လွန်သူ ဘဒ္ဒန္တနေမိန္ဒ(ရတနာသိဂီကျောင်းတိုက်၊ပုသိမ်မြို့)၌ ကျန်ရစ်သော ပစ္စည်းအကြောင်း။**

**ဘဒ္ဒန္တ ပညာသိရီ(ရတနာသိဂီကျောင်းတိုက်၊ ပုသိမ်မြို့)** လျှောက်သူ

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ဂေါက်ကွင်း၊ ရတနာသိဂီကျောင်းတိုက်နေ ဘဒ္ဒန္တပညာသိရီ(ယခုလက်ရှိကျောင်းထိုင်ဆရာတော်)က ကွယ်လွန်သူ ဘဒ္ဒန္တနေမိန္ဒ (ယခင်ပျံလွန်တော်မူသွားသည့် ကျောင်းထိုင်ဆရာတော်)၏ (သံဃိက) ဆက်ခံသူ ဖြစ်သည်ဟူ၍ ပုသိမ်မြို့၊ ရတနာသိဂီကျောင်းတိုက်နေ ၎င်းကွယ်လွန်သူ ဘဒ္ဒန္တ နေမိန္ဒ မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည် ဖြစ်၍ ၎င်းကွယ်လွန်သူ ဘဒ္ဒန္တ နေမိန္ဒမှာ ကျန်ရစ်သောပစ္စည်းများ အပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဘဒ္ဒန္တ ပညာသိရီ ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ရီရီလွင်)
ဒုတိယခရိုင်တရားသူကြီး(၂)
ပုသိမ်ခရိုင်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ရေငန်ကျေးရွာနေ ဦးဇော်မင်းထွဋ် ၇/လပတ(နိုင်)၁၅၉၃၈၂ ၏ဖခင် ဦးတင်မြင့် နှင့် ဦးကိုမြင့် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အထက(သုံးဆယ်) Grade-6(A)မှ မောင်သီဟထက်အောင် အား မောင်ဟန်လင်းဖြိုး ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်ဟန်လင်းဖြိုး**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ် (၅၉၇/ခ) ပေါ်ရှိ အလျားပေ၂၀x အနံပေ ၆၀ မြေကွက်၏ အိုးအိမ်ဦးစီးဌာန၏ မြေချပါမစ်စာချုပ်စာတမ်းနှင့် မြေပေါ်ရှိ အဆောက်အအုံတို့ကို ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးစံမောင် (၁၂/တမန(နိုင်)၀၂၇၅၃၇)ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ပေးချေပြီးဖြစ်၍ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စရန်ပေးချေသူ ဒေါ်လှလှဝင်း (၁၂/တမန(နိုင်)၀၂၇၆၅၄)ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှလှဝင်း (၁၂/တမန(နိုင်)၀၂၇၆၅၄)
အမှတ် (၅၉၇/ခ)၊ ဖွဲ့ကပင် (၂) လမ်း၊
(၅၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆၆/၃)၊ ဦးပိုင်အမှတ်(၁၅/က)၊ မြေဧရိယာ(၀.၀၉၄)ဧကရှိဝင်းမြေနှင့် ၎င်းမြေပေါ်ရှိအဆောက်အအုံအား ဒေါ်သန္တာအောင် ၅/ကလထ(နိုင်)၁၅၈၇၀၂၊ ဒေါ်ခင်သန္တာအောင် ၅/ကလထ(နိုင်)၁၅၅၅၄၃၊ ဦးဟိန်းမင်းထက် ၅/ကလထ(နိုင်)၂၀၂၉၄၆ သည် အမည်ပေါက် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအောင် ၅/ကလထ(နိုင်)၁၅၅၅၄၃**
**မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ကလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သွပ်ပိုင်းကြီးရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်(၁၇၅/ခ)၊ တိုက်ခန်းအမှတ်(မြေညီ) တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိဂီအောင် (၁၃/တကန(နိုင်)၁၉၅၄၈၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဖြိုးကိုကိုအောင် (၁၂/သလန(နိုင်)၁၃၂၆၅၀) က အပြီးအပိုင်လွှဲ ပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်စုစုခိုင် (LL.B. D.B.L, D.I.L.) | ဒေါ်ခင်စောသိန်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၁၅၅၃) | (စဉ်-၁၃၂၈၆) |

တိုက်(၁၀/၁၂၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇) မြေကွက်အမှတ်(၆ဒီ/၂-က)၊ ဧရိယာ(၀.၁၈၅၅)ဧကအနက်မှ တစ်ဝက် အကျယ်အဝန်းရှိ မြေပိုင်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၌ ဦးအေးချမ်း(ဘ)ဦးမြင့်သိန်း ၁၂/ကမရ(နိုင်) ၀၃၅၄၁၈ ၏ အမည်ဖြင့် မှတ်သားထားရှိပါသည်။ ဖော်ပြပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဇေယျာကြည် (ဘ) ဦးခင်မောင်ကြည် ၁၂/ကတတ(နိုင်)၀၂၆၄၀၈ က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်နီဝမ်းလှိုင်အောင်
(တရားလွှတ်တော်ရှေ့နေ(စဉ် -၁၃၆၁၇)
တိုက်(၄)၊ အခန်း(၂၀၄)၊ ပုလဲမွန်အိမ်ရာ၊ (၆၅)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၂၂၃၈၈၈

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစက္ခုဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုး ဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅.OSS/ကတ္တလူ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်-၄၃၂/၁+၄၃၁/၁၊ မြေဧရိယာ ၄၅ ဒသမ ၀၀ ဧကအား ဦးကျော်မြင့်ထံမှ နှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးအောင်လွင်မှဝယ်ယူခဲ့ပါသည်။ အဆိုပါ မြေနေရာအား စက်မှု/စီးပွားမြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးအောင်လွင် ၁၂/အလန(နိုင်)၀၃၃၈၇၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

## အမည်ပြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အထက(၂)၊ Grade-6(B) မှ (ဘ) ဦးကျော်ဇောလင်း ၏သမီး မထက်ကျော်ဇောမေ အား မထိပ်ထားထက် ဟူ၍ ပြောင်းလဲခေါ်ဆိုပါရန်။

**မထိပ်ထားထက်**

## ဖြည့်စွက်ဖတ်ရှုပါရန်

(၅၄)ကြိမ်မြောက် အောင်ဘာလေ သိန်းထီ ပေါက်စဉ်များဖြစ်သော ရတနာသိန်းထိုက်အောင်၊ ကံပေါ်ကြီး၊ ဘီလျံနာ၊ ပန်ဆုအောင်၊ စူပါ ပါဝါ သိန်းထီပေါက်စဉ်တို့တွင် **ကျပ်သိန်း(၂၀၀)ဆု ဂ-761512** ကို ဖြည့်စွက်ဖတ်ရှုပေးပါရန်။

## စာအုပ်စာပေ လှူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)ရပ်ကွက်၊ ဗိုလ်မင်းခေါင်(၄)လမ်း မြေကွက်အမှတ်(၅၃၈/က)ဟုခေါ်တွင်သော မြေအလျား X အနံပေ(၂၀' X ၆၀)ထဲမှ တရားဝင်မခွဲမ စိတ်ရသေးသော (ခေါင်းရင်းဘက်ခြမ်း)မြေအလျားအနံပေ(၁၀' X ၆၀') ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀)မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးညွန့် (H/RGN-014022)ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူဒေါ်ခင်ကြည် (CH-044748) ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ချိုချိုဝင်း ၁၂/အစန(နိုင်)၀၀၈၂၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဖြိုး ၁၂/ဒလန (နိုင်)၀၄၄၆၄၁ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိအနောက်(၃)လမ်း၊ တိုက်အမှတ်(၈၃/က)၊ (တတိယထပ်)၊ (၄-လွှာ)၊ (၁၈x၅၄)ပေအကျယ် တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်မာလာဝင်း ၁၂/ရပသ(နိုင်)၀၃၅၃၄၉ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးမို့မို့ထွန်း ၇/နတလ(နိုင်)၁၂၄၆၁၇ကလည်း ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်သက်သက်မွန်(တရားလွှတ်တော်ရှေ့နေ) | ဦးသုထက်ကျော်လွင် (အထက်တန်းရှေ့နေ) | ဒေါ်ပန်းမွှေး(တရားလွှတ်တော်ရှေ့နေ) |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၁၆၃၉၇/၂၀၁၉) |

တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

**၁ - ၉ - ၂၀၂၃**

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၅ ကျပ် | ၂၄၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၀ ကျပ် | ၂၅၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၆၀ ကျပ် | ၂၃၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၇၀ ကျပ် | ၂၄၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု နှစ်ဦး တွေ့ရှိ

**(၁-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၃၁-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၂၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၄၀၀ | ၉၄၀ | ၈၈၇၆၅၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၈၇၉၂ | ၂၇၈၀၃၉၀၀ |
| MCB | ၈၁၀၀ | ၈၀၀၀ | ၄၇၃ | ၃၇၈၅၀၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၃၅၄၄ | ၆၀၂၄၈၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၅၅၀ | ၁၃၄၇၅၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၈၈၇ | ၂၀၄၀၁၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၄၃၅ | ၂၁၃၁၅၀၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၁၆၈၇ | ၃၂၀၅၃၀၀ |

ညီညီ - စုစည်းသည်

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၅၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီပေါက်စဉ် ၂၀၂၃ ခုနှစ် စက်တင်ဘာ လ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

င - ၄၁၆၇၉၂

ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ခ - ၄၁၂၇၂၀

ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဃ - ၅၂၄၉၇၅

ကံထူးရှင်(၁)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| က - ၃၃၆၈၀၉ | စ - ၇၄၉၃၉၈ |
| ဃ - ၃၇၆၈၅၅ | င - ၇၅၈၈၁၄ |

ကံထူးရှင်(၄)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| င - ၁၁၅၅၉၂ | စ - ၅၇၈၂၄၄ |
| ခ - ၄၉၈၂၅၈ | ဂ - ၆၉၆၈၆၀ |
| ခ - ၅၀၇၆၃၇ | ဂ - ၇၆၁၅၁၂ |

ကံထူးရှင်(၆)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ခ - ၂၄၇၆၉၆ | ခ - ၄၃၉၈၁၀ | ဃ- ၈၀၆၃၅၄ |
| င - ၂၆၅၉၁၀ | စ - ၅၄၈၃၉၄ | က- ၈၂၂၄၃၇ |
| ဂ - ၂၆၉၆၈၈ | က - ၅၇၃၆၃၂ | စ - ၉၂၇၆၁၄ |

ကံထူးရှင်(၉)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ခ - ၁၀၄၆၉၅ | က - ၆၀၆၉၄၄ |
| ဃ - ၁၂၁၃၈၀ | ဃ - ၆၇၄၁၅၀ |
| ခ - ၁၄၄၇၉၆ | စ - ၆၈၈၆၈၈ |
| က - ၂၇၇၁၆၆ | စ - ၇၇၂၅၆၃ |
| စ - ၂၇၇၄၆၄ | ခ - ၇၈၁၁၂၉ |
| ခ - ၃၉၆၀၈၈ | စ - ၉၄၇၄၅၆ |

ကံထူးရှင်(၁၂)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| ဃ- ၂၆၀၂၇၀ | ဃ- ၄၉၈၂၈၁ | ခ - ၇၁၃၅၉၄ |
| ခ - ၂၆၄၂၉၄ | ဃ- ၅၀၄၅၀၀ | ဂ - ၇၂၇၅၇၉ |
| င - ၂၇၆၈၅၉ | ဂ - ၅၀၄၇၇၃ | င - ၈၀၄၉၀၆ |
| ခ - ၂၉၆၆၀၄ | င - ၅၃၇၃၀၈ | ဃ- ၈၁၀၈၀၅ |
| ဂ - ၃၄၇၉၃၆ | င - ၆၁၀၃၄၈ | စ - ၈၇၃၁၉၈ |
| ဃ - ၄၅၅၁၉၄ | ဂ - ၆၃၅၀၉၀ | င - ၉၇၁၂၂၉ |
| က - ၄၉၃၃၈၉ | | |

ကံထူးရှင်(၁၉)ဦး

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| ခ - ၂၀၃၈၀၉ | ဃ - ၅၁၀၂၅၆ |
| က- ၂၄၈၂၆၆ | င - ၅၂၀၃၄၀ |
| ဃ- ၂၇၈၅၉၉ | င - ၅၄၉၂၇၁ |
| ဂ - ၄၂၄၈၄၇ | ခ - ၆၁၃၃၄၅ |
| ဃ- ၄၂၅၀၁၆ | ဂ - ၆၅၄၄၀၅ |
| င - ၄၇၅၀၄၅ | ခ - ၇၂၄၀၇၆ |
| စ - ၄၈၂၀၁၂ | ခ - ၈၈၃၇၁၃ |
| င - ၄၈၆၂၃၃ | က - ၈၈၆၅၉၁ |
| င - ၅၀၉၄၂၈ | င - ၉၅၄၁၂၆ |

ကံထူးရှင်(၁၈)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

က - ၁၃၉၈၆
ဃ - ၅၀၃၀၈
ခ - ၈၄၆၀၄

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဓ - ၄၁၇၁
ဈ - ၅၇၆၀
ဃ - ၈၈၉၀

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၁၈)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၃)ယူနစ်

| | | |
|---|---|---|
| ဂ - ၁၂၆ | ဂ - ၇၆၈ | ဂ - ၉၀၅ |
| ဂ - ၂၇၉ | ဂ - ၇၇၈ | စ - ၉၂၉ |
| ဆ - ၂၉၅ | ဂ - ၈၀၉ | ခ - ၉၇၇ |
| ၍ - ၆၃၆ | ဓ - ၈၈၈ | ဠ - ၉၉၄ |
| ဈ - ၆၅၅ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၈၃၄၇)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၄)ယူနစ်

| | |
|---|---|
| ဃ - ၄၀ | ဈ - ၈၁ |
| ည - ၇၄ | ၍ - ၉၀ |

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၁၁၉၆၆)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ(၂)ယူနစ်

စ - ၁
၍ - ၄

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ပုံနှိပ်စဉ်ကပင်ပါဝင်ခြင်းမရှိသည့် စ-၁၀၀၀၀၀ နှင့် စ-၁၀၀၀၀၁ ဂဏန်းများအတွက် အစားထိုး ဖွင့်လှစ် ပေးသည့် ပေါက်ဂဏန်းများ ဖြစ်ပါသည်။

စ - ၁၆၄၄၆၀ စ - ၁၇၄၀၄၅

ကံထူးရှင်(၁၀၆၁၄၁)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ဂ - ၇၀၆၁၅၃ | စ - ၇၅၃၇၇၃ |

ကံထူးရှင်(၂)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၄)ယူနစ်

| | | | |
|---|---|---|---|
| စ - ၂၀၀၉၈ | က - ၆၀၅၇၃ | ဃ - ၆၁၃၅၃ | ခ - ၉၄၈၂၄ |

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၄၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁)ယူနစ်

၍ - ၇၀၉၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁)ယူနစ်

ည - ၉၇၄

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၇၈)ဦး

၁။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၅၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အောင်ဘာလေသိန်းဆုနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၂၆၇၉၇)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၂၆၇၉၇)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ် ပေးခဲ့ပါသည်။

၃။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၅၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်စောင်ရေ (၆၇၅၀၀၄၀)စောင် နှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ည)အက္ခရာထိ အက္ခရာ(၁၀)လုံးဖြစ်ပြီး ၎င်းအနက်မှ ၂၅% ဖြစ်သော ထီလက်မှတ်စောင်ရေ (၂၂၄၉၉၄၀) စောင်တို့ဖြစ်ပါသည်။

၄။ (၅၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၄-၉-၂၀၂၃ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၁၂-၉-၂၀၂၃ ) ရက်မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ (၅၄)ကြိမ်မြောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဆုမဲများအနက် ကျပ်(၁၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၄-၉-၂၀၂၃ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ထီကံစမ်းသူ၏ ထီကံစမ်းဝယ်ယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ကျပ် (၁၀)သိန်းနှင့်အောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဆုငွေများမှအပ ကျန်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ် လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊မိတ္တူ အိမ်ထောင်စုစာရင်း မူရင်း၊မိတ္တူ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

**ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ရရှိသော ဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်အား**

### အသိပေးကြေညာခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများမှရရှိသောဝင်ငွေများအပေါ် အခွန်လွတ်ကင်းမှုများမဖြစ်ပေါ်စေရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သောဝင်ငွေခွန်များရရှိစေရန်ရည်ရွယ်လျက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေး ဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသော ဝင်ငွေအပေါ် ငွေထုတ် ပေးချိန်၌ အခွန်နုတ်ယူပေး သွင်းစေသည့် အစီအစဉ်အား ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၂။ ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်နည်းလမ်း (သို့မဟုတ်) ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့် ဝင်ငွေခွန်ကောက်ခံမှုနည်းလမ်းဆိုသည်မှာ ငွေပေးချေသည့်အချိန်တွင် အခွန်ကိုတစ်ပါတည်းနုတ်ယူ၍ နိုင်ငံတော်သို့ပေးသွင်းရသောစနစ်တစ်ခုဖြစ်ပြီး အလုပ်ရှင် (သို့မဟုတ်) ငွေထုတ် ပေးရန်တာဝန်ရှိသူက ဖြတ်တောက်နုတ်ယူသူအဖြစ် တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၃။ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၃ ပါ သတ်မှတ်ချက်အရ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့်တာဝန်များနှင့် အခွန်နုတ်ယူခြင်းခံရမည့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

(က) **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့် တာဝန်များ**

(၁) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူထံ ပေးချေရမည့် အခကြေးငွေဖြစ်ပါက ပေးချေငွေအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို နုတ်ယူ၍ နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း ငွေလက်ခံ ရရှိသူ (သို့မဟုတ်) ကျန်းမာရေးစောင့်ရှောက်မှုပေးသူအမည်ဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး သို့မဟုတ် အခွန်ထမ်း ကြီးများဆိုင်ရာ အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းရန်၊

(၂) မိမိတို့လုပ်ငန်းတွင် အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ထားသည့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများအား လစာဝင်ငွေပေးချေခြင်းဖြစ်ပါက လစာခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ထမ်းဆောင်သည့်နည်းလမ်းအတိုင်းဆောင်ရွက်ရန်။

(ခ) **အခွန်နုတ်ယူခြင်းခံရမည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏တာဝန်များ**

(၁) မိမိတို့ရရှိသည့်ဝင်ငွေနှင့် ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာအခွန်ရုံးထံ ဝင်ငွေကြေညာလွှာတင်သွင်းရန်၊

(၂) ပင်ရင်းမှနုတ်ယူပေးသွင်းခဲ့ရသည့်ဝင်ငွေခွန်ကို စည်းကြပ်မှုအရကျသင့် ဝင်ငွေခွန်မှ ခုနှိမ်ပေးနိုင်ရေးအတွက် ငွေထုတ်ပေးရန် တာဝန်ရှိသူကပေးအပ်ထားသည့် ငွေသွင်း ချလန် မူရင်းများကို စနစ်တကျသိမ်းဆည်းထားရန်။

၄။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသော ဝင်ငွေ အပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်ကို ကျင့်သုံးခြင်းကြောင့် အခွန်ပေး ဆောင်သူဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့် အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေခြင်း၊ အခွန်ဆိုင်ရာဥပဒေများအပေါ် လိုက်နာမှုအားကောင်းစေခြင်းကြောင့် ဒဏ်ကြေးမကျ သင့်ခြင်းဟူသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

၅။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသော ဝင်ငွေ အပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပိုမို ပြည့်စုံစွာသိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်) တယ်လီဖုန်းနံပတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) တယ်လီဖုန်းနံပတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) တယ်လီဖုန်းနံပတ် ၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ဖခင်အမည်မှန်**

ဝါးခယ်မမြို့နယ်၊ အ.ထ.က(စပါးရိုး)ကျောင်း၊ ကျောင်းဝင်အမှတ် (၉၇၃)ဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော မထက်ထက်ဇော် ၁၄/ဝခမ(နိုင်)၃၂၇၉၈၀၏ ဖခင်အမည်မှန်မှာ ဦးဇော်လတ် ၁၄ /ဝခမ (နိုင်)၂၁၃၂၅၅ ဖြစ်ပါကြောင်း။

---

**ဖခင်အမည်မှန်**

ဝါးခယ်မမြို့နယ်၊ အ.ထ.က (စပါးရိုး)ကျောင်း၊ Grade 12 မှ ကျောင်းဝင်အမှတ် (၃၀၆၁) မပြည့်ဖြိုးခင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းမင်းလတ် ၁၄/ဝခမ(နိုင်)၁၄၈၈၆၂ ဖြစ်ပါကြောင်း။

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/9725,SOE Light Truck (1)TON, Pick (4X2)L ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းအောင် ၁၂/ရပသ(နိုင်)၀၂၇၆၄၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/1701,Hino Ditro L/T(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၉/မဟမ(နိုင်) ၀၄၀၇၄၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4R/5195, Suzuki Ciaz YL၊ Saloon (4X2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြမြ ၈/နမန (နိုင်)၀၀၁၁၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

### ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့်အမှတ် ၂၁၊ နည်းဥပဒေ ၂၂)**
**ပဲခူးမြို့နယ်တရားမရုံးတော်၌**
**၂၀၀၉ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၆၉နှင့် ဆက်သွယ်သည့်**
**၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၅၁**

| | | |
|---|---|---|
| မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>ပဲခူးမြို့ | **နှင့်** | ၁။ ဦးခင်မောင်သန်း<br>၂။ ဒေါ်ထားစုခိုင်<br>၃။ ဦးတင်မောင်ဝင်း<br>၄။ ဦးဝင်းကိုကိုမျိုး<br>(ကွယ်လွန်သူ ဦးတင်ရွှေ၏ တရားဝင်ကိုယ်စားလှယ်များ) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ပဲခူးမြို့ ဥသာမြို့သစ်၊ (၇/၃)ရပ်ကွက်၊ မြနှင်းဆီလမ်း ၊ အမှတ်(၃၇၂) နေ ၁။ဦးခင်မောင်သန်း ၂။ ဒေါ်ထားစုခိုင် ၃။ ဦးတင်မောင်ဝင်း ၄။ ဦးဝင်းကိုကိုမျိုး (ကွယ်လွန်သူဦးတင်ရွှေ၏ တရားဝင် ကိုယ်စားလှယ်များ) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးမြို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လဲ့ရည်မွန်)
**မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

---

### ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာအုပ်စု၊ ကွင်းအမှတ်- ၅.OSS/ ကတ္တလူ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်-၄၃၉+၄၂၇+၄၂၃+၄၁၉+၂၁+၂၇၇+ ၂၄၉/၁+၇၉၊ မြေဧရိယာ ၄၅ ဒသမ ၄၀ ဧကအား ဦးအောင်လွင်၊ ဦးသန်းညွန့်၊ ဦးလှအောင်၊ ဦးသက်ဆွေ၊ ဒေါ်တင်မြင့်တို့ထံမှ နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးအောင်မြင့်မှ ဝယ်ယူခဲ့ပါသည်။ အဆိုပါ မြေနေရာအား စက်မှု/စီးပွားမြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးအောင်မြင့်၊ ၆/မအရ(နိုင်)၀၅၉၄၇၇ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက် အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

---

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၇)၊ သိမ်ကြီးသင်္ချိုင်း အကွက်၊ ဦးပိုင်အမှတ် (၁၅/C)၊ ဧရိယာ (၀.၀၅၃)ဧကရှိ ကိုတိတ်စွမ်း၊ မကျင်ငြိမ်း အမည်ပေါက် မြို့မြေ(B)ကို ကန်ကြီးထောင့်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကျန်စစ်သားလမ်းနေ ဦးဌေးရီ၊ ဒေါ်စန်းဝင်းတို့မှ မြေအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက် လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ပုသိမ်မြို့**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် (၃၊ အလယ်ပိုင်း)၊ ဦးပိုင်အမှတ်(၈၆-ဈ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေအား မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၃)ရပ်ကွက်၊ ဓနုသဒ္ဒါလမ်း၊ အမှတ်(၆၆)နေ ဒေါ်ဝင်းကြည် (၁၄/ဓနဖ(နိုင်)၀၀၄၉၅၅)မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

---

### အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဥ့်ကူးရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ် (၃၄၄) ဟုခေါ်တွင်သော မြေပိုင်မြေ မြေပေါ်တွင် မြေရှင်နှင့်ကန်ထရိုက်တာတို့ အကျိုးတူနှစ်ခန်းတွဲ သုံးထပ်တိုက်ဆောက်လုပ်ခဲ့ရာ၊ မြေရှင်ဒေါ်မိမိဦး (၁၄/ပသန (နိုင်)၀၄၀၉၂၆) ရရှိခံစားသည့် ခေါင်းရင်းခြင်း(တတိယထပ်)၊ အခန်းကို ကျွန်ုပ် မိတ်ဆွေ ဒေါ်အေးအေးဝင်းကဝယ်ယူရန် မြေရှင် ဒေါ်မိမိဦးအား စရန်ငွေအချို့ ပေးအပ်ထားရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ယနေ့ကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-**<br>**ဒေါ်အေးအေးဝင်း**<br>**(၁၂/အစန(နိုင်)၀၆၅၈၉၀)** | **လွှဲအပ်ညွှန်ကြားချက်အရ-**<br>**ဦးလှဝင်း (ဥပဒေဘွဲ့)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၇၀၈၄)**<br>**ဖုန်း-၀၉ ၅၁၁၉၉၆၁၊**<br>**၀၉ ၇၉၅၈၇၅၀၃၃** |

---

### မြို့နယ်သမဝါယမအသင်းစုလီမိတက်၊ ကျိုက်လတ်မြို့ ဧရာဝတီတိုင်းဒေသကြီး လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ သမဝါယမအသင်းစုလီမိတက်ပိုင်၊ ကျိုက်လတ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ (၇)လမ်းရှိ မြေဧရိယာ (၀.၀၆၅) ဧက(၄၅ x ၄၃ x ၁၅၀)ပေရှိ နှစ်ထပ်တိုက်အဆောက်အအုံနှင့် (၄၀ x ၈၀ x ၁၄) ပေရှိ တစ်ထပ်တိုက်သိုလှောင်ရုံတို့အား မျက်မြင်အနေအထားအတိုင်း တစ်ပေါင်းတည်း လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ လေလံဆွဲဝယ်ခွင့် လျှောက်လွှာများကို မြို့နယ်သမဝါယမအသင်းစုရုံးတွင် ၇-၉-၂၀၂၃ ရက်မှ ၂၀-၉-၂၀၂၃ ရက် ထိ ရောင်းချပေးမည်။ လေလံဆွဲဝယ်ခွင့် လျှောက်လွှာများကို ၂၁-၉-၂၀၂၃ ရက် (၁၆:၀၀) နာရီ နောက်ဆုံးထား၍ ကျိုက်လတ်မြို့နယ် သမဝါယမအသင်းစုရုံးသို့ တင်သွင်းရန်ဖြစ်ပြီး၊ သတ်မှတ် ကာလထက် ကျော်လွန်တင်သွင်းသော လျှောက်လွှာများကို ထည့်သွင်း စဉ်းစား မည်မဟုတ်ပါ။

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြို့ပတ်လမ်း၊ မြေကွက်အမှတ်-က/၃၀၄၊ နှစ်(၆၀)ဂရန်မြေ၊ ဦးတင်စိန် (၁၂/ဒပန(နိုင်)၀၂၁၈၄၁ နှင့် ဦးလှမြိုင် ၁၂/ဒပန(နိုင်)၀၂၁၅၀၈ အမည်ပေါက်၊ အကျယ်အဝန်း(၂၅x၅၀)ပေ အနက်မှတရားဝင်မခွဲမစိတ်ရသေးသော (၁၂ $\frac{၁}{၂}$x ၅၀)ပေ (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဦးဇာနည်မောင် ၉/ပရမ(နိုင်)၀၆၁၂၄၀ နှင့် ဒေါ်မူမူ ၁၄/ကလန(နိုင်)၀၇၇၀၁၂တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများကဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)** |
| **(စဉ် - ၅၃၃၆၉)** | **(စဉ် - ၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၅၆၇၇၆၁၅**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတက္ကသိုလ် ဒုတိယနှစ် English မေဂျာ အဝေးသင်တက္ကသိုလ်တွင် တက်ရောက်နေသော (ဘ) ဦးမျိုးအေးထွန်း ၉/မခန(နိုင်)၁၁၈၃၉၈ ၏ သမီး မဝါရွှေရည်ရှင်းလဲ့အား မစိမ့်ယမုံဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မစိမ့်ယမုံဟန်**

## ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 12U/8731 BAJAJ 200အား စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်နေ မောင်ကျော်မြင့် ၁၁/စတန(နိုင်)၀၁၂၀၅၇ က ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/28095 HONDA WAVE 100 M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/86705 Yamaha Tricker 250 ယာဉ်လက်ဝယ်ရှိသူ Superior International Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)
## ကြော်ငြာစာအမှတ်( ၃ / ၂၀၂၃ )
## ၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
## ( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူး(၂၁၆) နေရာများအတွက် သတ်မှတ်အရည် အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | နေရာ |
|---|---|---|---|
| (က) | အလုပ်ရုံစိတ်မှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | B.Tech(Mech;/MC) AGTI( MP / MT / MC EP / EC ) | (၇၉)နေရာ |
| ( ခ ) | ထုတ်လုပ်ရေးကျွမ်းကျင်(၅) (၁၆၂,၀၀၀-၂၀၀၀-၁၇၂,၀၀၀) | ITC လက်မှတ်ရ | (၉၇)နေရာ |
| ( ဂ ) | လုပ်သား (၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀) | THS လက်မှတ်ရ/ အထကအောင် | (၄၀)နေရာ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) ၃၁-၈-၂၀၂၃ ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး (၃၄)နှစ်ထက် မကျော်လွန်ရ။ (နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက) (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

( ဂ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။

(ဃ) အပိုဒ်(၁) အမှတ်စဉ်(က)ပါ ရာထူးအတွက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာ ကျွမ်းကျင် သူကို ဦးစားပေး ရွေးချယ်မည်ဖြစ်ပါသည်။

( င ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။

( စ ) လျှောက်ထားသူတစ်ဦးလျှင် ရာထူးအလွှာတစ်မျိုးကိုသာ လျှောက်ထားရမည်။

(ဆ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃)နှစ်တစ်ဆက်တည်း တာဝန် ထမ်းဆောင်ရမည်။ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက လျော်ကြေးငွေ (၅)သိန်း ကျပ်တိတိ ပေးဆောင်ရမည်။

( ဇ ) အစိုးရဌာန တစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည် -

(က) လျှောက်ထားသည့် ရာထူးအမည်၊

( ခ ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

( ဂ ) မွေးသက္ကရာဇ်နှင့် အသက်၊

(ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊

( င ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့် ကျောင်း

( စ ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် အလုပ်အကိုင်၊

(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ (မူရင်း)

( ဇ ) ကျန်းမာကြောင်း ဆေးလက်မှတ် (မူရင်း)

( ဈ ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်း (ထောက်ခံချက်မူရင်း)

(ည) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်

( ဋ ) ဆက်သွယ်ရန် နေရပ်လိပ်စာ ၊ ဖုန်းနံပါတ်

( ဌ ) အမြဲတမ်း နေရပ်လိပ်စာ အပြည့်အစုံ ၊

၄။ လျှောက်လွှာများကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၃၀)တွင် ရယူနိုင်ပြီး အမှတ်စဉ်(က)ရာထူးတန်းအတွက် စာမေးပွဲဝင်ကြေးငွေ ၅,၀၀၀/- (ကျပ်ငါးထောင်တိတိ)အား မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အမှတ်(၁)အကြီးစားစက်မှု လုပ်ငန်း၏ ငွေစာရင်းအမှတ် (SEE-10811) သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ အမှတ်စဉ်(က)အတွက် (မြန်မာ၊ အင်္ဂလိပ်၊ အထွေထွေဗဟုသုတ) ရေးဖြေစာမေးပွဲကို အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)နေပြည်တော်နှင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)တို့ တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အမှတ်စဉ်(ခ)နှင့် (ဂ) ရာထူးတန်းများအတွက် လူတွေ့စစ်ဆေး သွားမည်ဖြစ်ပါသည်။

၆။ လျှောက်ထားလိုသူများ၏ သဘောဆန္ဒအရ လျှောက်လွှာများကို အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်(သို့မဟုတ်) အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)သို့ လိပ်မူပြီး လျှောက်လွှာများကို (၃-၉-၂၀၂၃) ရက်မှစ၍ စတင်လက်ခံမည်ဖြစ်ပြီး (၃-၁၀-၂၀၂၃) ရက်အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ ဖြေဆိုမည့်နေ့ရက်အား ကြိုတင်အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇၃၄၀၅၄၁၄၊ ၀၆၇၃၄၀၅၄၅၁၊ ၀၉၄၂၀၇၄၈၄၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အောင်ဇမ္ဗူ မြေကွက်အမှတ်(၃၂၈)၊ ဧရိယာ ၀ ဒသမ ၁၁၇ ဧကအား အမည်ပေါက် ဒေါ်တင်မိုးဝင်း (ဘ) ဦးဝင်းကြည် ၁၂/အစန(နိုင်)၀၀၈၉၉၀ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၉၉/၂၀၂၃)၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်ရပ်ကွက်၊ အမှတ်(၁-H)၊ ဦးပိုင်အမှတ်(၂၅-က)၊ ဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ ဦးသန်းကျော် အမည်ပေါက် ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄x၅)ပင် နှစ်ထပ်တိုက်ခံနေအိမ်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးသန်းကျော်၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော သားသမီးများဖြစ်သည့် ဦးစံအောင်၊ ဒေါ်နှင်းသက်ဝေ၊ ဒေါ်သင်းသင်းထိုက်၊ ဦးလှမျိုး၊ ဒေါ်အေးအေးသင်း၊ ဒေါ်မြတ်မြတ်ထွေးတို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံရောင်းချလာသည်ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းထွေးမှ မှတ်ပုံတင် စာချုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းထွေး ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၆၉/၁၈)**
**အမှတ်(ခ/၁၆၄)၊ ဗိုလ်မင်းသိမ်း(၂)လမ်း၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၂၀၁၀၃၅၀၈**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းနယ်မြေ၊ မကျီးကုန်းရပ်ကွက်၊ ချမ်းအေးသာယာလမ်းရှိ အရှေ့လားသော်-ယခု ရောင်းချသူ ဒေါ်အုန်းရီ၏ ကျန်ဝိုင်းမြေ၊ အနောက်လားသော်-ချမ်းအေးသာယာလမ်း၊ တောင်လားသော်-ဒူးလမ်း၊ မြောက်လားသော်-ဦးလွင်မောင် နေအိမ်ဝိုင်းမြေ ယင်းအလားလေးရပ်အတွင်းရှိ တောင်-မြောက် (ဝိုင်းမျက်နှာစာ) (၂၄)ပေ၊ အရှေ့-အနောက် (၄၆)ပေခွဲရှိ ဝိုင်းမြေကွက်အား ယခုလက်ရှိ လက်ရောက် နေထိုင်ပိုင်ဆိုင်သူ ဒေါ်အုန်းရီ ၉/မထလ(နိုင်)၀၇၀၈၈၁ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာလာနွယ် ၅/တဆန (နိုင်)၀၉၅၁၅၅ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း တိကျခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်မာလာနွယ်** | **ဦးဇော်အောင်လွင် (LL.B)** |
| **၅/တဆန(နိုင်)၀၉၅၁၅၅** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၆၆)** |
| | **ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မဟာစည်တိုးချဲ့ရပ်၊** |
| | **မိတ္ထီလာမြို့။ ဖုန်း-၀၉-၄၄၂၀၀၃၅၃** |

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာမြို့၊ ၉ ရပ်ကွက် နယ်မြေ(၁၀)နေ မယွန်းမီမီကို၏မိခင် ဒေါ်နုနုခင် (ခ) ဒေါ်တင်တင်ဝင်း ၅/ကသန (နိုင်)၀၅၀၀၁၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဒေါင်းတိုက်ကျေးရွာနေ မမိုးသဉ္ဇာကျော်၏မိခင် ဒေါ်ခင်ထားထားရီ (ခ) ဒေါ်ထားရီ ၇/ပတန(နိုင်) ၁၁၆၈၈၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ လှူနေရပ်ကွက်အမှတ်(၄၄)၊ ဖိုးရာဇာလမ်း၊ မြေကွက်အမှတ်(၄၈၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးထွန်းခိုင်(AA-၀၁၈၅၈၃) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်အမှတ်(၄၈၄)နှင့်ကပ်လျက်ရှိပြီး တရားဝင်မခွဲမစိပ်ရသေးသော(ခြေရင်းခြမ်း)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးတင်အုန်း(၁၂/သဃက(နိုင်)၀၀၈၆၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ဝင်းဝင်းဖြိုး** | **ဦးဇော်မျိုးနိုင်** |
| LL.B, D.B.L, D.I.L,U.F.L(Eng:) | LL.B, D.B.L |
| အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၅) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |

အမှတ်(၇၂)၊ မြေညီထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၄၂၁၁၂၀၃၄၇ ၊ ၀၉၂၅၀၂၉၀၇၈၁

### မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ ထနောင်းကုန်းအုပ်စု၊ ကျီစုကျေးရွာနေ ဦးဝမ်ရှိန်၏သား ဦးဇော်ထွန်း ၉/ရမသ(နိုင်)၁၂၈၇၀၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၄-၁၉၈၈ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာမြို့၊ ပတ္တမြားရပ်ကွက်နေ မဝင်းသန္တာဖြိုး၏မိခင် ဒေါ်ခင်ဝင်းကြည် (ခ)ဒေါ်ဝင်းကြည် ၅/ကသန (နိုင်)၀၀၇၈၉၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ထီးချိုင့်မြို့နယ်၊ ဇီးကုန်းကျေးရွာနေ မအိခိုင်ဖြိုး၏ဖခင် ဦးဖိုးဝင်း (ခ) ဦးခင်မောင်ဝင်း ၅/ထခန(နိုင်) ၀၀၅၄၁၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ချောက်မြို့၊ အမှတ်(၁၀) ရပ်ကွက်နေ ဦးသီဟ၏သမီး မအိနန္ဒာကို (ခ) မအိန္ဒာကို ၈/ခမန(နိုင်) ၂၃၁၂၃၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ WISDOM HILL ကျောင်းမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade-12 မှ မလင်းလက်အိမ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဌေး (ခ) ဦးနိုင်အောင်ဌေး (ခ) နိုင်အောင်ဌေး ၆/ကစန(နိုင်)၀၂၂၂၅၁ ဖြစ်ပါကြောင်း။

**ဦးအောင်ဌေး(ခ)**
**ဦးနိုင်အောင်ဌေး(ခ)နိုင်အောင်ဌေး**

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ မြသီတာရပ် မ/၇၆ နေ ဒေါ်မွေးမွေးသန်း ၁/မညန(နိုင်) ၀၄၁၅၄၉ ၏ ဖခင်အမည်မှန်မှာ (ဦးကိုလေး- MGG-၀၃၆၄၉၂) ဖြစ်ပါကြောင်း။

**ဦးကိုလေး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/8414 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၉)၊ ဦးပိုင်အမှတ်(၇၀)၊ ၆၅ x ၆၇ လမ်းကြား၊ ၁၁၄ x ၁၁၅ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်အေး AE-၂၀၃၁၂၀ ၏ (SP ရသူ ဒေါ်လှဌေး)က အမည်ပေါက်သူ ဦးတင်မောင်အေး၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့တင်ပြရမည်ဖြစ်သော်လည်း ၎င်းရှာမရှ၍မရကြောင်း တင်ပြစာ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၈၀၄/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၉)၊ ဦးပိုင်အမှတ်(၇၈)၊ ၆၂x၆၃လမ်းကြား၊ ယောမင်းကြီးနှင့်သခင်ဖိုးလှကြီးလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဦး ၉/မနမ(နိုင်) ၀၇၆၃၅၉ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၁၄၂/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဇာနီအောင် ၉/အမဇ(နိုင်)၀၂၁၇၀၇ က မြေကွက်၏ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းများမှာ အမည်ပေါက်သူ၏ လက်ဝယ်တွင် အသိမ်းလွှန်၍ ပျောက်ဆုံးနေကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ထောက်ခံချက်၊ တောဂရန်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/ 69939 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့်ဝင်း ၅/ဘတလ(နိုင်)၀၀၂၃၃၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (မုံရွာ)**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 36W/93675 ယာဉ်လက်ဝယ်ရှိသူ HTAY LAN ၂/လကန(ဧည့်)၀၀၀၂၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1K/3658 HYUNDAI STAREX Mini Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၉/မထလ(နိုင်)၃၃၃၉၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (မုံရွာ)**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1W/54072 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်အေးငယ် ၂/လကန(ဧည့်)၀၀၀၂၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(F)၊ ဦးပိုင်အမှတ်(၁)၊ ၅၆x၅၇ လမ်းကြား၊ ခိုင်ရွှေဝါနှင့် မနော်ဟရီလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း ဦးကံညွန့်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၄၅၁၅/၂၀၁၂)ဖြင့် ကျန်ရစ်သူဇနီး ဒေါ်ဝက်မက အမွေဆက်ခံခဲ့ပြီး မိခင်ဒေါ်ဝက်မ၊ သမီးဒေါ်မာမာအေး (အပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူသမီးများ ဖြစ်ကြသော ဒေါ်ခင်တင့် ၉/ပသက (နိုင်)၀၁၀၅၁၂၊ ဒေါ်မာမာဌေး ၉/ပသက(နိုင်)၀၁၀၅၀၅၊ ဒေါ်ခင်လှလှ ၉/ပသက(နိုင်)၀၁၀၅၀၄ တို့က မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာ အသိမ်းလွှန်၍ ပျောက်ဆုံးနေကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)ထောက်ခံချက်၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 7W/54619 ယာဉ်လက်ဝယ်ရှိသူ ဦးနှင်းဝေ ၂/လကန(နိုင်)၀၀၁၅၂၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/2984 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ရွှေပြည်သာမြို့နယ် မြေကွက်များ အထူးဝယ်လိုသည်။**

**Ph: 09-5139064**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းဆတ်မြို့၊ ဝိန်းနေရပ်ကွက်နေ ဒေါ်နန်းလဲ့လဲ့အေး (ခ)ဒေါ်လဲ့လဲ့အေး ၁၃/မဆန(နိုင်)၀၁၂၈၇၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နန်းလဲ့လဲ့အေး(ခ)**
**ဒေါ်လဲ့လဲ့အေး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ရပ်ကွက်(၈)နေ ဦးအောင်ဝင်း၏ သမီး မမြင့်မြင့်မော် ၁၂/မရက(နိုင်)၁၃၆၄၂၀၏ နိုင်ငံကူးလက်မှတ် အမှတ် မမှတ်မိမှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၅၀၄၄၅၀**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(ဈ)၊ လူနေရပ်ကွက်အမှတ်(ဈ)၊ မြေကွက် အမှတ်(၄၁၆- ၁/၂) ဟု ခေါ်တွင်သော အကျယ်အဝန်းပေ(၂၀x၆၀)ရှိ ဦးမြသောင်း(AB-015741) အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက် (အရပ်အခေါ်) အမှတ်(၄၁၆-၁/၂)၊ ဝေဘာဂီလမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် ထားပြီး လက်ရှိ လက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်ဇာဦး ၁/မညန(နိုင်)၁၇၄၂၀၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်န ၁၁/စတန(နိုင်)၀၁၇၀၉၉ က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ၎င်းအရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဥ် - ၂၂၇၄၇)၊ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဥ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ငွေချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၉**

ဒေါ်ထက်ဝန်းသော်တာ နှင့် ဒေါ်လှထွေး
(၎င်း၏အထွေထွေကိုယ်စားလှယ်
လွှဲစာရရှိသူဦးအောင်စိုးမိုး)
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း ၊ အမှတ်- ၁၄/ဘီ နေ ဒေါ်လှထွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်(၁၃၈၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

**(ချိုဇေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ အထက (နမ့်စန်)၊ Grade-5မှ မပပဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဦး ဖြစ်ပါကြောင်း။

**ဦးသိန်းဇော်ဦး**

## အမည်မှန်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အလက(၃)၊ Grade-4မှ (ဘ) ဦးစိုးမင်းထက် ၁၂/ဥကမ(နိုင်)၀၀၂၅၉၅ ၏သမီး မယုနန္ဒာအောင်(ခ)မဟန်သူအောင်၏ အမည်မှန်မှာ မဟန်သူအောင် ဖြစ်ပါကြောင်း။

**မဟန်သူအောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/1701 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေလင်းယုန်လမ်း၊ အိမ်အမှတ် (၁၄၁၂)တွင်နေထိုင်သူ (ဘ) ဦးစိုးလွင်၏ သမီးဖြစ်သူ ဒေါ်ဝေမာထွန်း ၁၂/ဒဂတ(နိုင်)၀၆၃၁၁၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ သားဖြစ်သူ မောင်နောင်အင်းလေး ၁၂/ဒဂတ(နိုင်)၁၅၉၈၅၉ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုအား နာခံမှုမရှိသည့်အပြင် ဆဲရေးတိုင်းထွာမှုများ အကြိမ်ကြိမ်ပြုလုပ်၍ နေအိမ်ပေါ်မှ ၎င်း၏သဘောဆန္ဒအလျောက် ထွက်ခွာသွားပါသဖြင့် အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးမြင့်အောင်(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၂၂၃၃၀)**
**အမှတ်(၁၄၁၃)၊ ချင်းတွင်းလမ်း၊ (၁၀၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ငွေချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉**

ဒေါ်နွယ်နီအောင် နှင့် ဦးပေါက်ကျိုင်း
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၈ရပ်ကွက်၊ အုတ်လှငယ်လမ်း၊ အမှတ်(၉၆)နေ ဦးပေါက်ကျိုင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် (၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၁ ရက်) နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းစန္ဒာဦး)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း နှင့် မွေးသက္ကရာဇ်အမှန်

ဦးအောင်ငွေး၏သမီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ်၊ ကျောက်တောကျေးရွာနေ မသင်းသင်းယုလှိုင်(ခ)မသင်းသင်း ၁၃/ရငန(နိုင်)၀၆၂၀၃၅မှာ တစ်ဦးတည်းဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၅-၃-၁၉၉၈ ဖြစ်ပါကြောင်း။

**မသင်းသင်းယုလှိုင်(ခ)မသင်းသင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/5486 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5A/6910 Nissan Diesel Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွန်းထွန်းလှ ၅/မရန(နိုင်)၁၃၂၁၇၉ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ မုံရွာ**

## Passport ပျောက်ဆုံး

ကျွန်တော် ဟန်ငွေးဝင်း ၈/ပခက(နိုင်)၂၆၆၁၂၂ ၏ passport နံပါတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြား ကူညီပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၁၅၅၂**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6W/79267 Yamaha DT 125 R ယာဉ်လက်ဝယ်ရှိသူ ဦးအားရော်(ခ)စိုင်းလုံတစ် ၁၃/ကတန(နိုင်)၀၀၃၃၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## မိခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက (တောင်ကလေး) ကျောင်း၊ Grade-12မှ မောင်ဆန်းလင်းကိုကို၏ မိခင်အမည်မှန်မှာ ဒေါ်ဆန်းမြင့် ၁၀/ကမရ(နိုင်)၁၁၀၂၁၃ ဖြစ်ပါကြောင်း။

**ဒေါ်ဆန်းမြင့်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၆)လမ်း၊ အမှတ်(၁၈၀)၊ (၂)ခန်းတွဲ(၅)ထပ်တိုက်ရှိ စတုတ္ထထပ် (ယာဘက်ခန်း)၊ (၁၂-½ x ၅၀)ပေအကျယ်အဝန်းရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းနှင်းဖြူ ၁၂/မရက(နိုင်)၀၆၈၀၂၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမင်းပြည့်စုံငြိမ်း ၁၂/ဥကမ(နိုင်)၂၁၇၄၀၄ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** **ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 2W/50875 ယာဉ်လက်ဝယ်ရှိသူ HTAY LAN ၂/လကန(ဧည့်)၀၀၀၂၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ သီရိ(၇)လမ်း၊ အမှတ်(၂၀/ခ)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း(၁၅x၆၀)ပေရှိတိုက်ခန်းအား အဆောက်အအုံ ကန်ထရိုက်တာထံမှ အရပ်ကတိ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးရဲထွန်း၁၂/လမန(နိုင်)၁၁၀၈၆၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မအုန်းခင် ၁၁/စတန(နိုင်)၀၅၀၆၀၉ က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ၎င်းတိုက်ခန်းအရောင်းအဝယ်အား အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဥ် - ၂၂၇၄၇)၊ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဥ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ မြေကွက်အမှတ်(၂၅၈/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေ စလစ်မြေ၊ ဥက္ကာ(၄)လမ်းရှိ မြေကွက်နှင့်အိမ်သည် စလစ်အမည်ပေါက် ဦးမြင့်သိန်း(J/RGN-003406) အမည်ပေါက်ဖြစ်ပြီး၎င်းစလစ်အမည်ပေါက်ထံမှ ဦးထွန်းလင်းဖြိုး ၁၂/ဒဂတ(နိုင်)၀၃၆၁၅၇ က အရပ်စာချုပ်အဆက်စပ်ဖြင့် ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထိုက်ထိုက်ဝင်း ၁၂/ရကန(နိုင်)၀၆၇၅၉၈ က အိမ်နှင့်မြေတန်ဖိုးငွေကို ပေးချေဝယ်ယူခဲ့ရာ(၁)နှစ်နှင့်(၁)လကြာမြင့်ပြီးဖြစ်ပါသဖြင့် မည်သူမဆိုခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါလွင်**
**အထက်တန်းရှေ့နေ(၂၄၅၂၆)**
**အမှတ်(၁၁) (မြေညီ)၊ စံပြ(၈)လမ်း၊ စံပြရပ်ကွက်၊ သဃာ်န်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၇၉၁၉၇၃၅၂၊ ၀၉-၄၅၁၃၆၅၂၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရုံးတန်းနှင့် ငြိမ်းချမ်းရေးရပ်ကွက်၊ အလယ်လမ်း(ကြည့်မြင်တိုင်ကမ်းနားလမ်းသွယ်)၊ တိုက်အမှတ်(၁၀)၊ (၂)ခန်းတွဲ၊ RC(၆-ထပ်) အဆောက်အအုံ၏(မြေညီထပ်)+(ထပ်ခိုး)၊ တိုက်မျက်နှာမူလျှင်- ညာဘက်ခန်း)၊ ဧရိယာ(၆၅၅.၅) စတုရန်းပေ အကျယ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးစိုးသီဟလွင် ၁၂/ကမတ(နိုင်)၀၇၂၁၇၅ မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုလွင် ၁၂/ကမတ(နိုင်)၀၆၈၂၇၆၊ ဒေါ်နှင်းလဲ့ဖြူ ၁၂/ကမတ(နိုင်)၀၆၄၂၆၀ တို့ကလည်း ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေများကို ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်ပန်းမွှေး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်-၁၀၆၀၅/၂၀၁၅)** | **(စဥ်-၄၉၅၀၂/၂၀၁၈)** | **(စဥ်-၁၆၃၉၇/၂၀၁၉)** |

**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/51495 New Anbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောလှဝင်း ၁၂/မဂဒ(နိုင်)၀၂၆၀၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ်(32/A)3လွှာ၊ အကျယ်အဝန်းအလျားxအနံပေ (၅၀x၁၁)ရှိတိုက်ခန်းနှင့် တိုက်ခန်းသက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးသာစိန် ၁၁/ကတန(နိုင်)၀၅၀၇၃ နှင့် ဒေါ်ဝင်းသန္တာ ၇/ညလပ(နိုင်)၀၉၀၅၅၃ထံမှ ကျွန်မ ဒေါ်သက် ၁၂/စခန(နိုင်)၀၇၅၂၁၀ နှင့် ဒေါ်ယဉ်သန္တာဇော် ၁၂/စခန(နိုင်)၀၇၅၈၃၁ တို့ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်-ဒေါ်ယဉ်သန္တာဇော်**
**အမှတ်(၃၉)၊ ဝါးခယ်မလမ်း၊ စမ်းချောင်း**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ အောင်သပြေလမ်း၊ အိမ်အမှတ် ၃၅၅ နေ ဒေါ်သန်းမြင့် ၁၂/ရကန(နိုင်)၀၀၇၉၅၅ ၏သမီး ဒေါ်သင်းသင်းဝါ ၁၂/ရကန(နိုင်)၀၀၄၁၀၄ သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**မိခင် ဒေါ်သန်းမြင့်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 7W/54776 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အုန်း ၂/လကန(နိုင်)၀၄၅၅၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/1371, 3J/3764၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှအမွေဖြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဈေးလမ်းနေ ဦးဝင်းဆွေ ၇/ဇကန(နိုင်)၀၁၁၅၇၈ -ဒေါ်ဝင်းဝင်း ၇/ဇကန(နိုင်)၀၃၀၉၉၇ ၏ သားဖြစ်သူ မောင်နန္ဒအောင် ၇/ဇကန(နိုင်)၀၀၀၇၄၉ သည် မိဘများအားစိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်ခြင်းကြောင့်သားအဖြစ်မှအမွေဖြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သောမည်သည့် ကိစ္စအဝဝကိုမျှ မပတ်သက်ကြောင်း အများသိရန်ကြေညာအပ်ပါသည်။

**ဦးဝင်းဆွေ -ဒေါ်ဝင်းဝင်း**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်အေးမြိုင်**
**အသက်(၉၇)နှစ်**

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီး ဒေါ်နီလာအောင်၊ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန တို့၏ မိခင် ဒေါ်အေးမြိုင်သည် ၃၁-၈-၂၀၂၃ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နှင့် ဇနီး၊**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**အလှူဒါယိကာမကြီး**
**ဒေါ်ဘီးစွီ**
**အသက်(၉၅)နှစ်**

ဦးအောင်ဇော်အေး (ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)နှင့် ဒေါ်နှင်းဝေ တို့၏ချစ်လှစွာသော မိခင် ဒေါ်ဘီးစွီ အသက်(၉၅)နှစ်သည် ၃၀-၈-၂၀၂၃ရက် နံနက် ၀၉:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သစ်တော၊ သစ်လုပ်ငန်း၊ ပတ်ဝန်းကျင်၊ သတ္တု၊ ဘာရေဌာနများ**
**ရှမ်းပြည်နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်ဘီးစွီ**
**အသက်(၉၅)နှစ်**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ ဦးအောင်ဇော်အေး(ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)-ဒေါ်နှင်းဝေ တို့၏မိခင်ကြီးသည် ၃၀-၈-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုအေးမင်း၊ ပါမောက္ခချုပ် ဒေါက်တာလှဝင်းမြင့်**
**ဆေးတက္ကသိုလ်-တောင်ကြီး**

## " ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း "

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ပြည်သာယာ(တောင်)ရပ်ကွက်၊ ဝန်ထမ်းအိမ်ရာ(၂)လမ်းနှင့် ခတ္တာလမ်းထောင့်၊ အကွက်အမှတ် (၂၇) အလျား (၅၀)ပေ × အနံ (၇၀)ပေ ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျော့ကျော့ခိုင် (၉/မထလ(နိုင်)၀၂၀၃၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာဦး LL.B**
**တရားလွှတ်တော်ရှေ့နေ (၆၅၀၀)**
အမှတ်-၄၃၊ ဓမ္မစိန္တာလမ်း၊ ပထမထပ် (ခေါင်းရင်းခန်း)
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၄၂၀၁၉၇၀၆၀၊၀၉-၇၉၃၄၄၁၇၆၂

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ)၊ မြေကွက်အမှတ်(၁၅၈ အေ၁) မြေ အကျယ်အဝန်း(အလျား ၇၉'/၇၅' x အနံ ၄၆'/၆၀')၊ မြေဧရိယာ(၀. ၀၉၀)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိသာလျှင်တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာဖြင့်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှထူးကျော် (၁၂/လမတ(နိုင်)၀၁၄၉၈၆)မှ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်အတွက် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့် ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (အထက်တန်းရှေ့နေ)**
**(စဉ်-၃၄၇၈၂) (LL.B)**
**အမှတ်(၁၁၂၈) သရဖီ(၇)လမ်း၊ ၃၄-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၀၀၄၈**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
**ဒေါ်ခင်စောရီ (ဖျာပုံ)**
**အသက် (၁၀၀) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၅ (A)၊ ဗောဓိရိပ်သာ၊ သံလွင်လမ်းနေ (ဦးမောင်မောင်ဆင်)၏ ချစ်လှစွာ သောဇနီး၊ ဒေါက်တာစိုးဝင်း-ဒေါ်သင်းသင်းဆင်၊ (ဦးဝင်းမြင့်လွင်)-ဒေါက်တာဒေါ်အိအိဆင်၊ ဦးမောင်မောင်အောင် (AUNGWOOD)-ဒေါ်နှင်းယုသောင်၊ ဦးမောင်မောင်နိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မအမရာနိုင်၊ ဒေါက်တာမအိဆုဝင်း- ကိုနိုင်လင်းအောင်၊ မကေခိုင်စိုးဝင်း-ကိုဖြိုးဝေလှ၊ မဇွဲမိုးနိုင်-ကိုဖြိုးဇော်သိန်း၊ ကိုအောင်ဖြိုးကျော်-မဂျူလီအောင်၊ ကိုဘုန်းမြတ်သင်း၊ ဒေါက်တာကောင်းကင်ဝင်း၊ ကိုဉာဏ်လင်းထက် - မမေထက်ပိုင်၊ မအင်ကြင်းခိုင်၊ မြစ် ငါးယောက်တို့၏အဘွား သည် ၁-၉-၂၀၂၃ရက် နံနက် ၂:၄၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၂၃ရက် နံနက် ၁၁:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများကို အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ဝင်းကြည်**
**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မိုးစန္ဒာလမ်း၊ အမှတ် (၄၉/ဂ) နေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ မူဝါဒနှင့်ဥပဒေရေးရာဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်သီတာတင်၏ မိခင် ဒေါ်ခင်ဝင်းကြည် အသက်(၈၁)နှစ် သည် ၃၁-၈-၂၀၂၃ရက်(ကြာသပတေးနေ့)ည ၈:၂၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ဦးမျိုးဝင်း (ခ) Frankie
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၈)၊ သလ္လာဝတီလမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်နေ (ဦးမောင်မောင်သွင်-ဒေါ်သန်းရွှေ) တို့၏သား၊ (ဦးထွန်းအောင်-ဒေါ်မမကြီး) တို့၏သားသမက်၊ ဦးဇော်ဝင်း-ဒေါ်ဝေဝေတင်၊ (ဦးမျိုးခင်)-ဒေါ်စန်းစန်းနွယ်တို့၏ညီ၊ ဒေါ်ခင်စုလှိုင် ၏ခင်ပွန်း၊ တစ်ဦးတည်းသောသမီး ဒေါ်ဝိုင်းစန္ဒီဝင်း၏ ချစ်လှစွာသောဖခင်သည် ၁-၉-၂၀၂၃ရက်(သောကြာနေ့) နံနက် ၁:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂:၀၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် (ပ-၂)၊ ဦးပိုင်အမှတ်(၃၀)၊ လမ်း ၆၀ နှင့် ၆၁ လမ်းကြား၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြားရှိ မြေကွက်အား အမှုတွဲအမှတ်(၇၄/၁၉၉၀-၁၉၉၁)အရ ဦးအေး (AE-၀၈၀၂၆၉) အမည်ပေါက်သို့ မြေရာဇဝင်(၁-က) မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးထွန်းလင်း ၉/ပသက(နိုင်)၀၅၉၂၃၆ မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၅၆(A)လမ်း၊ ၂၉(C) x ၃၀လမ်းကြားရှိ (ယခင် မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ဝါကင်းကုန်းရပ်ကွက်၊ ကွင်းအမှတ်(၅၁၄)၊ ဦးပိုင်အမှတ်(၆၆/၂၃)၊ တောဂရန်အမှုတွဲနံပါတ် (၉၆၂/၁၉၈၉-၉၀)၊ ဧရိယာ(၀ ၀၄၈)ဧကအတွင်းမှ မြောက်ဘက်ခြမ်းပေ(၂၀x၅၀)(အနောက်ဘက်လှည့်မြေကွက်အကျယ်အဝန်းရှိ ဒေါ်မြငွေ၊ သား မောင်ဇော်မင်းထွန်း အမည်ပေါက် ဂရန်မြေကွက်အပါအဝင် မြေနှင့်ပတ်သက်သည့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဒေါ်မြငွေ(ဘ)ဦးထွန်းရင် (၉/မရမ(နိုင်)၀၃၀၈၅၈)က ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၅၈x၅၉လမ်းကြား၊ ၃၉(B)လမ်းနေ ဦးအေးကိုမြင့် (ဘ) ဦးစိန်မြင့် (၅/ဒပယ(နိုင်)၀၈၀၇၁၃)မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးသူရအောင်(LL.B)** | **ဦးစန်းယုခိုင်(LL.B)** | **ဒေါ်ဇင်မာသွယ်(LL.B)** |
| **(စဉ်- ၉၆၁၁)** | **(စဉ်-၁၂၉၁၂)** | **(စဉ်-၉၉၉၃)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**၆၃လမ်း x ၆၄ကြား၊ ၃၂လမ်း x ၃၃ ကြား၊ မြရတနာလမ်းသွယ်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၆၉၉၉၉၃၃၅၊ ၀၉-၂၆၉၉၉၉၃၉၂၊ ၀၉-၇၉၇၂၀၈၇၃၅**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ဘီးစွီ**
**အသက်(၉၅)နှစ်**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး-ဒေါ်နှင်းဝေ တို့၏ ချစ်လှစွာသောမိခင် ဒေါ်ဘီးစွီသည် (၉၆)ပါးသောရောဂါဖြင့် ၃၀-၈-၂၀၂၃ရက် နံနက် ၉:၃၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ဘီးစွီ**
**အသက်(၉၅)နှစ်**

ဦးအောင်ဇော်အေး(ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)-ဒေါ်နှင်းဝေတို့၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်ဘီးစွီ အသက်(၉၅)နှစ်သည် ၃၀-၈-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၈)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/4809 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၄၄၆)၊ မြေဧရိယာ (၀.၁၆၅)ဧကရှိ Original Group Co.,Ltd. အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်ကို Original Group Co.,Ltd. ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၈၄/၂၀၂၃)၊ (၄-၈-၂၀၂၃)ရရှိထားသူ ဦးဇော်ဝင်းစိုး (ဘ)ဦးရေး ၉/လဝန(နိုင်)၁၂၄၄၉၇မှ ဒေါ်စုစုမွန် (ဘ)ဦးဝင်းကို ၁၂/မဂတ(နိုင်) ၀၈၉၁၆၆ နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက် အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ပုဗ္ဗသီရိရပ်)၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀.၀၅၅ ဧကရှိ ဦးမြင့်အောင် ၉/ပမန(နိုင်)၀၀၈၈၆၂ (ဘ)ဦးဉာဏ်လင်း အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၆၀၂) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၄၂၉/၂၀၁၈)၊ (၅-၄-၂၀၁၈)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကုမ္ဗေကျော် ၈/မဘန(နိုင်)၁၁၆၃၇၉ (ဘ)ဦးညွန့်ဦးမှ ဦးအောင်အောင်၊ ဒေါ်ဥမ္မာတင် ၁၂/စခန(နိုင်)၀၂၇၄၆၄၊ ၁၄/မအပ(နိုင်)၀၀၀၃၇၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ကျွန်တော် ဦးကျော်ဆန်းမင်း(ခ)ဦးဆန်းမင်းကျော် ၁/ရကန(နိုင်)၀၃၀၈၅၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဘားအံမြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း Grade-12 မှ မရွှေယမင်းဦး ၏ မိခင်အမည်မှန်မှာ ဒေါ်လွင်လွင်ချို ၆/ပရခ(နိုင်)၀၄၆၆၀၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၃) Grade-12 မှ မလမင်း၏ ဖခင်အမည်မှန်မှာ ဦးစန်းမင်း ၁၄/ဘကလ(နိုင်) ၁၇၇၀၄၆ ဖြစ်ပါကြောင်း။

**ဦးစန်းမင်း**

## " ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း "

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ မြေကွက်အမှတ် (၁၀၄/၁၃၃)၊ ကွင်းအမှတ် (၁၉/ခ)၊ ၆လမ်းရှိ ဧရိယာ (ဧက)၀. ၀၈၀ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးထိန်လင်းထွန်းထံမှ စာချုပ်ဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ခင်စန်းရီ (၁၃/နစန (နိုင်) ၀၀၂၇၄၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော် လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာဦး LL.B**
**တရားလွှတ်တော်ရှေ့နေ (၆၅၀၀)**
အမှတ်-၄၃၊ ဓမ္မစိန္တာလမ်း၊ ပထမထပ် (ခေါင်းရင်းခန်း)
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၄၂၀၁၉၇၀၆၀၊၀၉-၇၉၃၄၄၁၇၆၂

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက(၂) Grade-11မှ မဝင်းစန္ဒာအေး ၏ ဖခင်အမည်မှန်မှာ ဦးဇော်လှိုင်ထွန်း ၁၁/ကဖန(နိုင်)၀၅၅၄၈၁ ဖြစ်ပါကြောင်း။

**ဦးဇော်လှိုင်ထွန်း**

## ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ စက်သားဟောင်းကျေးရွာတွင် နေထိုင်သော ဦးသိန်းမင်းနိုင် ၁၁/ပဏတ (နိုင်) ၀၆၅၉၈၁ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့် နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်လာစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာရေး၊ တစ်ဦးချင်းဝင်ငွေများ မြင့်တက်လာရေးတို့အတွက် ဌာန၊ အဖွဲ့အစည်းအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာကော်မရှင် (၁/၂၀၂၃) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် အား/ကာသိပ္ပံအသင်းကို အနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၁**

စက်တင်ဘာ နိုင်ငံတကာရက်သတ္တပတ်နှင့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမအဆင့်အတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁ ရက် ညနေပိုင်းက မြန်မာနေရှင်နယ်လိဂ်ကလပ် အား/ကာသိပ္ပံအသင်းနှင့် ခြေစမ်းကစားရာ **(အောက်ပုံ)** နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပြည်ပကလပ်များတွင် ကစားနေသူအချို့ ပူးပေါင်းနိုင်ခြင်းမရှိသေးသဖြင့် လူစုံပါဝင်နိုင်ခြင်းမရှိသေးပေ။ အား/ကာသိပ္ပံအသင်းမှာလည်း ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့်အသင်းဖြစ်ပြီး

*စာမျက်နှာ ၉ ကော်လံ ၅* ❍





## နန်ယုတ်ကြိုးပြင်ကာကွယ်တောသတ်မှတ်

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၀၅၁၁ ဧကရှိသော နယ်မြေကို **“နန်ယုတ် ကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၂၃)အရ ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

*စာမျက်နှာ ၉ ကော်လံ ၅* ❑

**ယနေ့ သတင်းအညွှန်း**

**ရှာငံကော်ဖီကို ဒေသအမည်ကောင်းရ ထုတ်ကုန်အဖြစ် တိုးချဲ့လုပ်ကိုင်နိုင်ရန် အားပေးဆောင်ရွက်** ပြည်တွင်းသတင်း စာ ၇

**ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကား၊ လာရောက်ဖူးမြော်သူ ရဟန်း၊ ရှင်လူ ပြည်သူများအား အခမဲ့ဝင်ရောက်ခွင့်ပေးမည်** ပြည်တွင်းသတင်း စာ ၁၂

**ထိုင်းဘုရင်က ဝန်ကြီးချုပ်ဟောင်း သက်ဆင်ကို ထောင်ဒဏ်တစ်နှစ်သို့ ပြစ်ဒဏ်လျှော့ပေါ့ပေး** နိုင်ငံတကာသတင်း စာ ၁၃

## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ